ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (29-4-2012) (၇၀၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတက ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်ပုဂ္ဂိုလ်များ လစဉ်ချီးမြှင့်ငွေလျှော့ပေါ့ခံစားခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ပေးခြင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာပေးပို့ခဲ့

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်က ၂၀၁၂ ခုနှစ် မတ် ၂၈ ရက် ရက်စွဲဖြင့် သဝဏ်လွှာ (၁)စောင် ပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှ ၂၀၁၂ ခုနှစ် မတ် ၁၄ ရက် ရက်စွဲဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်အချို့နှင့်စပ်လျဉ်းသည့် သဝဏ်လွှာ(၁)စောင် ပေးပို့ခဲ့ပါကြောင်း၊ ယင်းသဝဏ်လွှာကိစ္စရပ်အပေါ် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ၂၀၁၂ ခုနှစ် မတ် ၂၃ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ တင်ပြ၍ ဆန္ဒရယူခဲ့ရာ ထောက်ခံဆန္ဒမဲ (၄၇၇)မဲ၊ ကန့်ကွက်ဆန္ဒမဲ (၃)မဲ၊ ကြားနေဆန္ဒမဲ (၇)မဲဖြင့် အစီရင်ခံစာပါသဘောထားမှတ်ချက်များကို လွှတ်တော်က သဘောတူကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာနှင့်စပ်လျဉ်းသည့် လွှတ်တော်၏ ဆုံးဖြတ်ချက်အား သုံးသပ်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာအဖြစ် ပေးပို့အပ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အဆိုပါ သဝဏ်လွှာတွင် ပူးတွဲပါရှိသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ခဲ့သော သဝဏ်လွှာအပြည့်အစုံမှာ-

၁။ နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါကိစ္စများကို စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ရန်လိုအပ်မည်ဟု ယူဆပါသည်။ အဆိုပါကိစ္စများမှာ-

(က) ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေခံစားရေးအတွက် ဥပဒေဖြင့် အတိအကျ ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သော်လည်း အဆိုပါပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ လစာများကို ဥပဒေအရသတ်မှတ်ချက်အတိုင်းမဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က သတ်မှတ်ချက်အတိုင်း လျှော့ပေါ့ခံစားနေခြင်း၊

(ခ) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခဲ့ခြင်း၊

(ဂ) အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပြီး ထိုကော်မရှင်ကို ဗဟိုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းနှင့် ထိုကော်မရှင်အတွက် ငွေကြေးသုံးစွဲရန် ဘတ်ဂျက်ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြထားခြင်းတို့ ဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့် အညီဆောင်ရွက်ထားခြင်းရှိ မရှိ စိစစ်ပေးပါရန်၊ ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းမရှိပါက ဥပဒေနှင့်အညီဖြစ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ကူညီဆောင်ရွက်ပေးစေလိုပါသည်။

၃။ နိုင်ငံတော်အစိုးရ အုပ်ချုပ်ရေးအဖွဲ့နှင့် နိုင်ငံတော်အစိုးရ ဥပဒေပြု အဖွဲ့ဖြစ်သော လွှတ်တော်များ၏ ဆောင်ရွက်ချက်များသည် တရားဥပဒေစိုးမိုးရေးကို အလေးထားဖော်ဆောင်နေကြောင်း ပေါ်လွင်ရမည်ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့နှင့် လွှတ်တော်တို့၏ ဥပဒေနှင့်အညီ အစဉ်ပူးပေါင်းဆောင်ရွက်နေမှုများက နိုင်ငံနှင့်ပြည်သူတို့အတွက် ရှေ့ဆောင်လမ်းပြ သာဓကယူဖွယ်၊ စံနမူနာပြအဖြစ် ပြသနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဖော်ပြပါကိစ္စရပ်များအား သုံးသပ်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည် ဟူ၍ ဖြစ်သည်။

အလားတူ အဆိုပါသဝဏ်လွှာတွင် ပူးတွဲပါရှိသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့ခဲ့သောသဝဏ်လွှာအပေါ် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအပြည့်အစုံမှာ-

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များအား ဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ သုံးသပ်ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့ခဲ့ပါသည်။

၂။ အဆိုပါ သဝဏ်လွှာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကမှ ဥပဒေကြမ်းပူးပေါင်းကော်မတီက လေ့လာတွေ့ရှိချက်နှင့် ဆောင်ရွက်သင့်သည့် အကြံပြုချက်တင်ပြရန် အကြောင်းကြားခဲ့သည့်စာကို ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ၂၁-၃-၂၀၁၂ နေ့တွင် လက်ခံရရှိခဲ့ပြီး ယင်းနေ့တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ လေ့လာရေးကော်မရှင်အဖွဲ့ဝင်များ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်များ

၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ သဝဏ်လွှာတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့သည် စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ရန်လိုအပ်မည်ဟု ထင်မြင်ယူဆသည့် အချက်(၃)ချက်ကို ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

၄။ အဆိုပါအချက်များကို အောက်ပါအတိုင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) "ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေခံစားရေးအတွက် ဥပဒေဖြင့် အတိအကျပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သော်လည်း အဆိုပါပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ လစာများကို ဥပဒေအရ သတ်မှတ်ချက်အတိုင်းမဟုတ်ဘဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က သတ်မှတ်ချက်အတိုင်း လျှော့ပေါ့ခံစားနေခြင်း" နှင့် စပ်လျဉ်း၍ "ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ" အခန်း(၄)၊ ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်ကသာ **စာမျက်နှာ ၃ ကော်လံ ၁ သို့☆**

ယနေ့ သတင်းအညွှန်း

"အများပြည်သူ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးကြရာတွင် ကဏ္ဍတစ်ခုတည်းမှ ဆောင်ရွက်ပေးနေရုံဖြင့် မရဘဲ ဘက်စုံကဏ္ဍစုံမှ တာဝန်သိသိ နားလည်မှုရှိရှိဖြင့် စေတနာအပြည့်အဝထားကာ ဝိုင်းဝန်းဆောင်ရွက်မှသာ အောင်မြင်မည်"

"မျက်သားတက်တာကို စောစောသိရင် စတီရိုက်အာနိသင် အနည်းငယ်ပါတဲ့ မျက်စဉ်းခတ်ရင်သက်သာပြီး မျက်သားခြစ်ပစ်ခြင်း ၊ မျက်သားခြစ်ပြီး မျက်မြေးလွှာပြန်ကပ်ပေးပြီး အာနိသင်ပျော့တဲ့ဓာတ်ကင်ခြင်းနည်းဖြင့် ကုသနိုင်"

"ကလေးဗဟိုပြုသင်ကြားရေးတွင် ဖြည့်ဆည်းပေးသင့်သည့်၊ မဖြစ်မနေလုပ်ဆောင်ပေးသင့်သည့် လုပ်ငန်းစဉ်ကို တင်ပြရလျှင် မူလတန်းမှအစ တက္ကသိုလ်ထိ အမှန်တကယ်ဖွင့်လှစ်ထားသော ကျောင်းစာကြည့်တိုက်များ ထူထောင်ပေးရေးဖြစ်"

ခေါင်းကြီး စာမျက်နှာ ၂

ဆောင်းပါး စာမျက်နှာ ၆

သူ့အမြင် သူ့အတွေး စာမျက်နှာ ၉

ကြေးမုံစာတည်းရှုထောင့်

၂၉-၄-၂၀၁၂[တနင်္ဂနွေနေ့]။

ဘက်စုံပိုင်းဝန်းဆောင်ရွက်မှ အောင်မြင်

နိုင်ငံတစ်နိုင်ငံ၏ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး၊ ပြည်သူများ လွယ်လင့်တကူသွားလာနိုင်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး စသည့် ပြည်သူများအတွက် အထောက်အကူဖြစ်စေမည့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတစ်ဝန်းရှိလမ်းများပေါ်မှ လမ်းကြေး၊ တံတားကြေး ပေးဆောင်ရမည့်ဂိတ်များသည် အဓိကကျသောလုပ်ငန်းစဉ်များ ဖြစ်ပေသည်။

မကြာသေးမီက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် လမ်းနှင့် တံတား အသုံးပြုမှုနှင့်ပတ်သက်သည့် ကောက်ခံမှုပုံစံပြောင်းလဲလိုက်သည်ကို တွေ့ရှိလိုက်ရာ ခရီးသွားပြည်သူများနှင့်တကွ မော်တော်ယာဉ်များ၊ ယာဉ်ပိုင် ရှင်များအတွက်ပါ ဝမ်းမြောက်ဖွယ်သတင်းကောင်းတစ်ရပ်ပင်ဖြစ်ပေသည်။ လမ်း၊ တံတားအသုံးပြုခကို သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံသည့် ဂိတ်များကို စိစစ်တွေ့ရှိရပါကလည်း သုံးရက်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် ဦးစားပေးအလိုက် လုပ်ကိုင်ခွင့်ရရှိသူများအား လွှဲပြောင်းလုပ်ကိုင်စေမည် ဖြစ်ကြောင်း ကြားသိလိုက်ရပေသည်။

ယခင်က သတ်မှတ်လမ်းကြေးများ၊ တံတားကြေးများကို ကောက်ခံ ရာတွင် အချို့နေရာများ၌ တိကျစွာကောက်ခံမှုမရှိကြသဖြင့် လမ်းပန်းဆက်သွယ် မှုတွင် မလိုလားအပ်သော အဟန့်အတားများဖြစ်ပေါ်စေခဲ့သည်။ ထိုအခက် အခဲများကို ပြေလည်စေရေးအတွက် သက်ဆိုင်ရာက ယခုကဲ့သို့စီစဉ်ဆောင်ရွက် ပေးခဲ့ရာ လမ်း၊ တံတားကြေးများ ယခင်ကထက် ပိုမိုသက်သာလာသဖြင့် ယာဉ် ပိုင်ရှင်များ၊ ယာဉ်မောင်းများအတွက် များစွာအဆင်ပြေလာခဲ့ပေသည်။

ပွင့်လင်းမြင်သာသည့် မျက်မှောက်ကာလတွင် ပြည်သူများ၏လိုအပ်ချက် များကို သက်ဆိုင်ရာတို့က အချိန်မဆိုင်းဘဲ ပြုပြင်ပြောင်းလဲဆောင်ရွက် ပေးခြင်းသည် ကောင်းမွန်သောလုပ်ဆောင်ချက်များသာဖြစ်ပေသည်။ ယခင်က လုပ်ငန်းများဆောင်ရွက်ရာတွင် ဈေးပြိုင်လေလံစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြ သောကြောင့် ဈေးနှုန်းများမှာ နှစ်စဉ်တိုးမြင့်လာလျက်ရှိပေသည်။ ထို့အပြင် ကောက်ခံသောဈေးနှုန်းများကိုလည်း စနစ်တကျကောက်ခံမှု မရှိသဖြင့် ပို့ဆောင်ရေးကဏ္ဍတွင် ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေခဲ့ပေသည်။

ယခုအခါ အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ပေးခဲ့သဖြင့် ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများအတွက် အမြတ်အစွန်းပိုရလာသော်လည်း ကုန်စည် ပို့ဆောင်မှုမှသက်ဆင်းလာသည့် စားသုံးသူပြည်သူများဘက်တွင် တိုက်ရိုက် အကျိုးသက်ရောက်မှု မရှိသေးကြောင်း သိရှိရသည်။ ကုန်ပစ္စည်းများ ဈေးနှုန်း သက်သာရေးတွင် သယ်ယူပို့ဆောင်မှု ချောမွေ့လွယ်ကူသက်သာမှုသည် ကဏ္ဍတစ်ခုမှပါဝင်နေ၍ အထောက်အကူပြုရန် ဆောင်ရွက်ပေးခဲ့သည် မှန်သော်လည်း ပြည်သူများအမှန်တကယ်သက်သာစေရေးအတွက် လုပ်ငန်းရှင် များဘက်ကလည်း စေတနာအပြည့်အဝထား၍ စနစ်တကျဆောင်ရွက် ပေးရန် လိုအပ်ပေသည်။

ယခင်က လမ်း၊ တံတားကြေးတက်၍ ကုန်ပို့ခတက်ရသည်ဟု အကြောင်းပြခဲ့သော်လည်း ယခုအခါ ထိုအခက်အခဲများမရှိတော့သဖြင့် သက်သာရမည့်နည်းလမ်းများကို ဥစ္စာရှင်လို ဥစ္စာရှင်ခဲ နည်းလမ်းကြံဆ ကြရမည်ဖြစ်သည်။ ကုန်စည်ပို့ဆောင်မှု စဉ်ဆက်မပြတ်စေရေးအတွက် ပို့ကုန်နှင့် လိုအပ်ချက်အတိုင်း ပို့ဆောင်မှုကို ချောမွေ့အောင်လုပ်ကြရဦးမည် ဖြစ်သည်။ ပို့ကုန်နှင့် သယ်ယူပို့ဆောင်မှုမမျှလျှင် ကုန်ပစ္စည်းပို့ဆောင်ခ ကျမည်မဟုတ်ချေ။ ပို့ဆောင်ခကျရန်အတွက် လိုအပ်ချက်ကို ပြည့်မီအောင် သယ်ယူပို့ဆောင်ပေးကြဖို့လိုမည်ဖြစ်သည်။

ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်များအတွက် လမ်း၊ တံတားကြေးကို သက်သာအောင်ဆောင်ရွက်ပေးထားသကဲ့သို့ သတ်မှတ်တန်ချိန်အတိုင်း သယ်ယူ ပို့ဆောင်ပေးဖို့လိုမည်ဖြစ်သည်။ အများပြည်သူအကျိုးစီးပွားအတွက် ဆောင်ရွက်ပေးကြရာတွင် ကဏ္ဍတစ်ခုတည်းမှ ဆောင်ရွက်ပေးနေရုံဖြင့် မရဘဲ ဘက်စုံကဏ္ဍစုံမှ တာဝန်သိသိ နားလည်မှုရှိရှိဖြင့် စေတနာအပြည့်အဝ ထားကာ ဝိုင်းဝန်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါသည်။ ။

မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းနှင့် သစ်တက်ရေလွှဲဆည်တို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် မန္တလေးတိုင်းဒေသကြီးနယ်စပ်ရှိ ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော မိတ္ထီလာ လွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံချက် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ စီမံကိန်းလုပ်ငန်းခွင်ရှုရပ်မှ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြို့ကြီးရေလှောင်တမံမှာ မြေသားတမံ (ဇုန်)အမျိုးအစားဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၃၅၉၅၁၀ ဧကပေ ဖြစ်သည်။ စီမံကိန်း တည်ဆောက်ပြီးစီးပါက မိတ္ထီလာလွင်ပြင်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၃၃၀၀၀ ခန့်ကို ဆည်ရေဖြင့် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်သွားနိုင်မည်ဖြစ်သည့် အပြင် လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ် (၁၅မဂ္ဂါဝပ် × ၂လုံး)ကိုလည်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ယင်းစီမံကိန်းမှာ ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးကို စီစဉ်ခဲ့ရာမှ ဘက်စုံ အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်း ရေလွှဲဆည်သို့ ရောက်ရှိပြီး သစ်တက်ကုန်းဆည် ပတ်ဝန်းကျင်ကျေးရွာများ ရေနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် စမုံမြစ်ကြောင်း ဟောင်းအား တူးဖော်ရန်လိုအပ်သဖြင့် စက်ယန္တရားများအသုံးပြု၍ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားကာ သစ်တက်ကုန်းရေလွှဲဆည်ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အကြိမ်(၂၈၀)မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၈

အကြိမ်(၂၈၀)မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မေ ၁ ရက် နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၄) ဆု၊ ငွေကျပ် ၁၀ သိန်း ၃၃၆ ဆု၊ ငွေကျပ် ငါးသိန်း နှစ်ဆု၊ ငွေကျပ် သုံးသိန်း ၁၄၄ ဆု၊ ငွေကျပ် နှစ်သိန်း ၁၃၂၀ ဆု၊ ငွေကျပ် တစ်သိန်း ၁၃၀၀၃ ဆု အပါအဝင် ဆုမဲပေါင်း ၁၄၈၂၅ဆု ဖြစ်သည်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ရဲရွာ ဓာတ်အားပေးစက်ရုံတွင် စက်များအားလုံး ရပ်တန့်၍ 230 kv Switch yard အတွင်း Silicon Rubber Coating ပြုလုပ်ခြင်းအား ၂၉-၄-၂၀၁၂ ရက် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ဆောင်ရွက်မည်ဖြစ်ပါ၍ ရဲရွာစက်ရုံ၏ လက်ရှိထုတ်လုပ်မှု ၂၄၀ မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်ပြီး အခြားရေအား လျှပ်စစ်စက်ရုံအသီးသီး၏ လိုက်ပါဖြည့်တင်းထုတ်လုပ်နိုင်မှုနှင့်အညီ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးထားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဧပြီ ၇ ရက်က M3စားသောက်ဆိုင်၌ ကျင်းပသည့် ရမည်းသင်းမြို့နယ် အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၌ ဒေါက်တာဘွဲ့ရရှိသူ မဉမ္မာသက်ကျော်အား ရမည်းသင်းမြို့နယ်အသင်း နာယက ဦးမြတ်သင်းအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၉-၄-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၅	တရားတော်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	ဇာတ်လမ်းတို
၁၁း၃၀	ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၅၂)
၁၁း၅၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဆုတောင်းတိုင်းသာပြည့်မယ်ဆိုရင်
၁း၀၀	ကျန်းမာသုတ
၁း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှင်သန်နေသရွေ့" (အပိုင်း-၂၁)
၄း၂၀	လျှပ်တစ်ပြက်
၅း၂၀	ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆း၃၀	ဘဝကြေးမုံ
၆း၅၀	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကွန်ဖူးဘုရင်ဘရုစ်လီ" (အပိုင်း-၃၀)**
၈း၀၀	-မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -ယနေ့ရန်ကုန်မြင်ကွင်းစုံ -ပဟေဠိနန်းတော် **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ" (အပိုင်း-၈)** **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရှက်ဦးရဲ့လင်းသံစဉ်" (အပိုင်း-၂၃)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၈ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၄. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၇၂၀၀	၀. ၀၃၂၅၅
တရုတ် (ယွမ်)	၆. ၃၀၀၆၅	၀. ၁၅၈၇၁
အိန္ဒိယ (ရူပီး)	၅၂. ၄၅၀၀	၀. ၀၁၉၀၇
မလေးရှား (ရင်းဂစ်)	၃. ၀၄၁၅၀	၀. ၃၂၈၇၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၇၀	၀. ၈၀၇၉၅
ဂျပန် (ယန်း)	၈၀. ၂၇၀၀	၀. ၀၁၂၄၆
တောင်ကိုရီးယား(ဝမ်)	၁၁၃၃. ၂၀	၀. ၀၀၀၈၈
ယူရို	၀. ၇၅၄၆၀	၁. ၃၂၅၂၁
ဗြိတိသျှ (ပေါင်)	၀. ၆၁၄၉၃	၁. ၆၂၆၂၀

အင်တာနက်။

ငါးဝင်ရောက်မှုများလာခြင်းနှင့်အတူ မြင့်မားနေသောငါးဈေးများ ပြန်ကျ

ရန်ကုန် မေ ၂၈

ပြည်တွင်းငါးဈေးကွက်တွင် ငါး ဝင်ရောက်မှုများလာခြင်းနှင့်အတူ သင်္ကြန် ကာလအတွင်းက မြင့်မားခဲ့သော ငါးဈေးနှုန်းများမှာ ပြန်လည်ကျဆင်း လာပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ငါးဈေးနှုန်းများ မြင့်မားခဲ့ခြင်းမှာ ငါးရှားပါးသွားခြင်းကြောင့် မဟုတ်ဘဲ သင်္ကြန်ပွဲတော်ကာလအတွင်းတွင် ကန်ဖော် ခြင်း မရှိခဲ့သောကြောင့် ငါးဝင်ရောက်မှု နည်းသွားခဲ့ပြီး အနည်းအကျဉ်းဝင်ရောက် လာသောငါးများကို စုပြုံကာ ဝယ်ယူကြ ခြင်းကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက သားငါးကဏ္ဍ ဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ အခမ်းအနား ၁၅/၂၀၁၂ ၌ ပြောကြား ခဲ့သည်။

"ဗဟိုစံပြငါးဈေးကို ငါးကုန်တင် ဝင်ရောက်မှုဟာ အရင်ကထက် ပိုဝင် လာပြီဖြစ်ပါတယ်။ ပွဲထောင်ရယ်၊ မော်တော်ကားရယ်၊ စုစုပေါင်း အစီး ၄၀ လောက်ဝင်ရောက်နေတယ်။ အရင်က အစီး ၃၀လောက်ပဲဝင်တာ အခုပိုဝင် လာတယ်" ဟု ၎င်းက ရှင်းပြခဲ့သည်။ ငါးမြစ်ချင်းမှာ စံနှုန်းအရွယ်ဖြစ်သော 2up တစ်ပိဿာလျှင် သင်္ကြန်ကာလအတွင်းက ကျပ် ၂၅၀၀ ဖြစ်ခဲ့သော်လည်း ယခုအခါ ပြည်ပပို့ကုန်ဝယ်လက်များက တစ်ပိဿာ လျှင် ကျပ် ၁၈၀၀ နှုန်းဖြင့် ဝယ်ယူခဲ့ခြင်း များရှိပြီး ငါးတန်၊ ငါးမုတ် ငါးတို့မှာလည်း သင်္ကြန်ကာလအတွင်းက ဝင်ရောက်မှု နည်းခြင်းကြောင့် ဈေးကောင်းခဲ့ရာမှ ယခုအခါ အများအပြားဝင်ရောက်လာ ခြင်းကြောင့် ဈေးနှုန်းများကျဆင်းခဲ့ကာ ကျပ် ၁၁၀၀ ပတ်ဝန်းကျင်လောက်သာ ပေါက်ဈေးရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငါးဝင်ရောက်မှုတွင် ငါးအကောင်ငယ်များ အများဆုံးဝင်ရောက်ခြင်းဖြစ်ပြီး ငါးအကောင်ကြီးဝင်ရောက်မှုမှာ အလွန်ပင် နည်းပါးနေကြောင်း သိရှိရသည်။

ထက်ခိုင် (စမ်းချောင်း)

(29-4)02.pmd 1 4/29/2012, 2:31 AM

☆ရှေ့ဖုံးမှ

ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်ပါကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခ) “အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခဲ့ခြင်း” နှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေများတွင် ထည့်သွင်းဖော်ပြပြီး အခြေခံဥပဒေပုဒ်မ ၁၀၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သော်လည်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခဲ့ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

(ဂ) “အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပြီး ထိုကော်မရှင်ကို ဗဟိုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းနှင့် ထိုကော်မရှင်အတွက် ငွေကြေးသုံးစွဲရန် ဘတ်ဂျက်ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြခြင်း”နှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၀၊ ၂၀၂၊ ၂၀၃၊ ၂၃၂ (စ)၊ ၂၃၂ (ဆ)၊ ၂၃၃ တို့တွင် ပြဋ္ဌာန်းထားသည့် ဗဟိုအဖွဲ့အစည်းဝင်များ ဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ပါဝင်မှုမရှိကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၆၊ ၉၊ ၁၂၊ ၁၃ ပါ ပြဋ္ဌာန်းချက်များတွင်လည်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်း၍ ဖော်ပြထားခြင်းများမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ (၁၆-၃-၂၀၁၂) ရက်နေ့တွင် ကျင်းပခဲ့သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် အစည်းအဝေးက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဗဟိုအဖွဲ့အစည်းတွင် ထည့်သွင်းထားခြင်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ် ထည့်သွင်းဖော်ပြထားခြင်းတို့ကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခဲ့သည်ကိုလည်း စိစစ်တွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၅။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေလစာများကို ဥပဒေအရ သတ်မှတ်ချက်အတိုင်း မဟုတ်ဘဲ လျှော့ပေါ့ခံစားနေခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခဲ့ခြင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုဖွဲ့စည်းပြီး ထိုကော်မရှင်ကို ဗဟိုအဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်း၊ ငွေကြေးသုံးစွဲရန် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြထားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိကြောင်း သဘောထားမှတ်ချက်ပြုတင်ပြအပ်ပါသည်။

၆။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ လစာများကို လျှော့ပေါ့ခံစားလိုပါက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်ချက်အဖြစ် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး အတည်ပြုချက် ရယူသင့်ပါသည်။

၇။ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခဲ့ခြင်းအတွက် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြပြီး ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူသင့်ပါသည်။

၈။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၃ (က)အရ အကြံပေးအဖွဲ့များသာ ဖွဲ့စည်းနိုင်ပြီး ယင်းဥပဒေပုဒ်မ ၂၃ (ခ)အရ အကြံပေးအဖွဲ့ဝင်များ ခံစားခွင့်ရှိသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပြီး ယင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံဆောင်ရွက်နိုင်ပါကြောင်း အကြံပြုတင်ပြအစီရင်ခံအပ်ပါသည်ဟူ၍ ဖြစ်သည်။

အဆိုပါ ပြည်ထောင်စုလွှတ်တော်နာယက၏ သဝဏ်လွှာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၂၀၁၂ ခုနှစ် ဧပြီလ ၉ ရက် ရက်စွဲဖြင့် သဝဏ်လွှာ (၁)စောင် ပေးပို့ခဲ့သည်။

အဆိုပါ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအပြည့်အစုံမှာ-

၁။ နိုင်ငံတော်သမ္မတက ဆုံးဖြတ်ဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါ လုပ်ငန်းစဉ် (၃)ရပ်အပေါ် ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ စစ်ဆေးသင့်ကြောင်း ရည်ညွှန်းပါသဝဏ်လွှာဖြင့် နိုင်ငံတော်သမ္မတထံပေးပို့လာပါသည်-

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ လစဉ် ချီးမြှင့်ငွေ လျှော့ပေါ့ခံစားခြင်း၊

(ခ) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ပေးခြင်း၊

(ဂ) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း။

၂။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏ လစဉ်ချီးမြှင့်ငွေ လျှော့ပေါ့ခံစားရန် ကိစ္စနှင့်စပ်လျဉ်း၍ (၁၁-၃-၂၀၁၁)ရက်တွင် နိုင်ငံတော်သမ္မတရုံး၌ ပြုလုပ်ခဲ့သော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနား၌ နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေနှင့် နိုင်ငံသားများ၏ အကျိုးကို ရှေးရှုသောအားဖြင့် ခံစားခွင့်ပြုထားသော လစဉ်ချီးမြှင့်ငွေများကို အပြည့်အဝခံစားခြင်းမပြုဘဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကာလတွင် ခံစားခဲ့သော ထောက်ပံ့ငွေအတိုင်းသာ ခံစားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ခြင်းဖြစ်ပါသည်။ အောက်ပါအချက်များအား ဆင်ခြင်သုံးသပ်နိုင်ရန် ဖော်ပြပါသည်-

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏ လစဉ်ချီးမြှင့်ငွေကို လျှော့ပေါ့ခံစားခြင်းသာဖြစ်ပါသည်။ စရိတ်များကိုမူ ဥပဒေပါအတိုင်း ခံစားလျက်ရှိကြပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းမဟုတ်ပါ။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအား အပ်နှင်းထားသော အုပ်ချုပ်မှုအခွင့်အာဏာအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

(ဂ) နိုင်ငံတော်သမ္မတ၏ ကတိကဝတ်အား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၁၁)တွင် သဘောတူညီချက်ရယူပြီး ဖြစ်ပါသည်။

(ဃ) ဥပမာပြုရန်အားဖြင့်-နိုင်ငံတော်သမ္မတ စင်ရွှေသိုက်လက်ထက်တွင် ဝန်ကြီးချုပ် ဦးနု ဦးဆောင်သော ဝန်ကြီးများသည် (၂၀-၁-၄၉) ရက်၌ ကျင်းပခဲ့သော ဝန်ကြီးများအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပြည်ထောင်စုအစိုးရ (အဖွဲ့ဝင်ဝန်ကြီးများ၏ လစာငွေများ) အက်ဥပဒေ (၁၉၄၈ ခုနှစ် အက်ဥပဒေ အမှတ် ၄) အရ သတ်မှတ်ပြဋ္ဌာန်းထားသည့် လစာ၏ ၅၀% ကိုလည်းကောင်း၊ ပါလီမန်အတွင်းဝန်များသည် ၄၀ %ကိုလည်းကောင်း လျှော့ပေါ့ခံစားရန် ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ခဲ့ပါသည်။

၃။ သို့ရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေ လျှော့ပေါ့ခံစားသည့် နိုင်ငံတော်သမ္မတ၏ ကတိကဝတ်ပြုဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ကြောင်း ဖော်ပြအပ်ပါသည်။

၄။ နိုင်ငံ့ဝန်ထမ်းဟောင်း အငြိမ်းစားများအား ပင်စင်လစာကို (၁-၇-၂၀၁၁) ရက်မှစ၍ တိုးမြှင့်ခံစားနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ပါ နိုင်ငံတော်သမ္မတသို့ အပ်နှင်းထားသော အုပ်ချုပ်မှုအခွင့်အာဏာအရ ဆောင်ရွက်ခဲ့ခြင်းသည် ၎င်းတို့၏ လူမှုစီးပွားရေးဘဝအား စောင့်ရှောက်ရန် တာဝန်ရှိသည့်အလျောက် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ စည်းကမ်းကောင်းမွန်စွာ တာဝန်ထမ်းဆောင်ခဲ့မှုကြောင့် အငြိမ်းစားလစာ ခံစားခွင့်ရသော်လည်း ငွေကြေးဖောင်းပွမှုနှင့် ကုန်စျေးနှုန်းကြီးမြင့်မှုဒဏ်များကြောင့် အခက်အခဲကြုံလျက်ရှိသော ၎င်းပုဂ္ဂိုလ်များအား ချီးမြှင့်စောင့်ရှောက်ခြင်းသာ ဖြစ်ပါသည်။

(ခ) အငြိမ်းစားလစာ တိုးမြှင့်ခံစားခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည်လည်း Civil Service Regulations နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ အမိန့်ကြော်ငြာစာထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

(ဂ) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့သည့် ၂၀၁၁ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုပြီးဖြစ်သည့် ပင်စင်လစာငွေခွင့်ပြုချက်အတွင်းမှ ပေးခဲ့ခြင်းဖြစ်ပါသည်။

(ဃ) ချီးမြှင့်ခဲ့သည့် ငွေပမာဏအား ရှင်းလင်းထားသည့် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းသည်လည်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

(င) ထို့ပြင် ၂၀၁၂-၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေတွင်လည်း အဆိုပါအငြိမ်းစားလစာ တိုးမြှင့်ခြင်းအတွက် ထည့်သွင်းရေးဆွဲထားပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်ပါသည်။

၅။ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လစဉ်ချီးမြှင့်ငွေတိုးမြှင့်ခံစားသည့် ကိစ္စနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ထိုသို့ တိုးမြှင့်ခံစားစေခြင်းအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ကြောင်း ဖော်ပြအပ်ပါသည်။

၆။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ဗဟိုအဖွဲ့အစည်းသတ်မှတ်၍ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းတောင်းခံခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဖော်ပြပါသည်။

(က) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း ဖွဲ့စည်းခဲ့ခြင်းမဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပါအပ်နှင်းထားသည့် အုပ်ချုပ်မှုအာဏာအရ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်ဖြင့် ဖွဲ့စည်းခဲ့သည့် ကော်မရှင်ဖြစ်ပါသည်။ **(ရှင်းလင်းချက်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၇** တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်ဟု လည်းကောင်း၊ **ပုဒ်မ ၂၁၈ ပုဒ်မခွဲ(က)**တွင် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်အားလုံးကို နိုင်ငံတော်သမ္မတ၏ အမည်ဖြင့် ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ **ပုဒ်မ ၂၁၆** တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။)

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော အစိုးရသစ်လက်ထက်တွင် အမျိုးသားအကျိုးစီးပွားအတွက် ပြည်ပဖိအားများ လျော့ကျရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မဖြစ်မနေလိုအပ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

(ဂ) ကော်မရှင်ကို ဗဟိုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်း၊ ငွေကြေးသုံးစွဲရန် ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်လျာထားမှုများအား ပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။

(ဃ) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ကို ပြည်ထောင်စုဝန်ကြီးအဆင့်နှင့် ဒုတိယဝန်ကြီးအဆင့် သတ်မှတ်ပေးထားခြင်းတို့ကိုလည်း ပယ်ဖျက်ပြီးဖြစ်ပါသည်။

(င) ကော်မရှင်ကို အုပ်ချုပ်ရေးအာဏာအရ ဖွဲ့စည်းထားရှိခြင်း၊ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မရှိမဖြစ်လိုအပ်ခြင်းတို့ကြောင့် ဆက်လက်ဖွဲ့စည်းထားရှိမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသွားမည်ဖြစ်ပါသည်။ ထို့ပြင် ဥပဒေကို အခြေခံဖွဲ့စည်းသည့် ကော်မရှင်တစ်ရပ်ဖြစ်ပေါ်စေရေးအတွက် ဥပဒေကြမ်းတစ်ရပ် ပြုစုရေးဆွဲလျက်ရှိပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်း၍ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ နိုင်ငံတော်သမ္မတအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း အကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ ပြည်ထောင်စုလွှတ်တော်ကပေးပို့လာသော ကိစ္စရပ်(၃)ခုနှင့် စပ်လျဉ်း၍ သုံးသပ်ဆောင်ရွက်နိုင်ရန် သဝဏ်လွှာပေးပို့အပ်ပါသည်ဟူ၍ ဖြစ်သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ခဲ့သည့် သဝဏ်လွှာပါ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ လစဉ်ချီးမြှင့်ငွေ လျှော့ပေါ့ခံစားခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ပေးခြင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းကိစ္စများကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ဆောင်ရွက်ခဲ့ကြောင်း သတင်းကို ၂၀၁၂ ခုနှစ် ဧပြီ ၂၅ ရက်ထုတ် နေ့စဉ် သတင်းစာများတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ရုံးဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ရုံး (Office of the European Union in Myanmar)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းယားမြိုင်လမ်း အမှတ်(၄၅)ရှိ အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E. Mrs. Catherine Ashton၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ရန်ကုန်မြို့ရှိ EU အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနလေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ရုံး Head of EU Office Mr. Andreas List နှင့် ရုံးအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပများမှ မီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ H.E. Mrs. Catherine Ashton က အဖွင့်အမှာစကားပြောကြားသည်။ **(ဓာတ်ပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲနှင့် ဒေါ်အောင်ဆန်းစုကြည်တို့က မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ရုံးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

(29-4)03.pmd 1 4/29/2012, 2:31 AM

ရှေးဟောင်းဗုဒ္ဓဆင်းတုတော် ၅၀ ကျော်အား တရုတ်သုတေသီများ ပြုပြင်ထိန်းသိမ်း

ပေကျင်း ဧပြီ ၂၈

တရုတ်နိုင်ငံမြောက်ပိုင်း ဟူဘေးပြည်နယ်၌ တူးဖော်တွေ့ရှိခဲ့ရသော ရှေးဟောင်းဗုဒ္ဓဆင်းတုတော် ၅၀ကျော်အား ရှေးဟောင်းသုတေသနဌာနပညာရှင်များက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ခဲ့ရာ ပြီးစီးခဲ့ပြီဖြစ်ကြောင်း တရုတ်လူမှုရေး သိပ္ပံအကယ်ဒမီမှ သုတေသီတစ်ဦးက ဧပြီ ၂၇ ရက်တွင် ပြောကြားသည်။

ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်များကို အကျိုးအပဲ့များအဖြစ် တူးဖော်တွေ့ရှိခဲ့ရသဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းကို ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရကြောင်း သုတေသီ ဒေါက်တာဟေလင်းက ပြောကြားသည်။

ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်များ ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်တစ်ရပ်ကို အသေးစိတ်ရေးဆွဲကာ လုပ်ဆောင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

လင်ကျန်းစီရင်စု၌ရှိသော သက်တမ်းနှစ် ၂၅၀၀ ရှိ ရှေးဟောင်းမြို့တွင် ဗုဒ္ဓဆင်းတုတော်များကို ဇန်နဝါရီလက တူးဖော်တွေ့ရှိခဲ့သည်။ **ဆင်ဟွာ။**

ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များအား ရှာဖွေတွေ့ရှိခဲ့ရသည့်နေရာကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဧဝရတ်တောင်၌ ဆီးနှင်းခဲပြိုကျ တောင်တက်လမ်းပြတစ်ဦးဒဏ်ရာရ

ခတ္တမန္ဒူ ဧပြီ ၂၈

ဧဝရတ်တောင်၏ အနောက်ဘက်ဆင်ခြေလျှော တောင်စောင်းဒေသများ၌ ဆီးနှင်းခဲပြိုကျမှုဖြစ်ပွားခဲ့ရာ နီပေါတောင်တက်လမ်းပြတစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တောင်တက်သမားရာပေါင်းများစွာမှာ ထိတ်လန့်မှုများဖြစ်ပေါ်ခဲ့ရကြောင်း နီပေါသတင်းဌာနများက ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဧဝရတ်တောင်၏ စခန်းအမှတ်-၁ အနီး ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၆၁၀၀(ပေ ၂၀၀၀၀)တွင် ဆီးနှင်းခဲပြိုကျမှုဖြစ်ပွားခဲ့ကြောင်း နီပေါခြေလျင်နှင့်တောင်တက်ဌာနမှ အကြီးအကဲ တီလက်ပန်ဒေးက ပြောကြားသည်။

ဆီးနှင်းခဲပြိုကျမှုကြောင့် နီပေါလူမျိုး တောင်တက်သမားတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းကို မြို့တော်ခတ္တမန္ဒူရှိ ဆေးရုံသို့ တင်ပို့နိုင်ရန် ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

ဧဝရတ်တောင်ပေါ်သို့ တက်ရောက်ရန် တောင်တက်သမား ရာပေါင်းများစွာက ပြင်ဆင်ဆောင်ရွက်နေချိန်တွင် ဆီးနှင်းခဲပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မေလလယ်မှစ၍ ပွင့်လင်းရာသီရောက်ရှိတော့မည်ဖြစ်ရာ ဧဝရတ်တောင်ပေါ်တက်ရန် ကမ္ဘာတစ်ဝန်းမှ တောင်တက်သမားများ စုဝေးရောက်ရှိနေကြသည်။ **အင်တာနက်။**

ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ လေ့ကျင့်ရေးသင်တန်း အိန္ဒိယကြည်းတပ်အရာရှိများအား နီပေါကမ်းလှမ်း

ခတ္တမန္ဒူ ဧပြီ ၂၈

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်မည့် အိန္ဒိယကြည်းတပ်အရာရှိများအား လေ့ကျင့်သင်တန်းပေးရန် နီပေါနိုင်ငံက ကမ်းလှမ်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

နီပေါနှင့် အိန္ဒိယနိုင်ငံတို့၏ လုံခြုံရေးဆိုင်ရာ အတိုင်ပင်ခံအုပ်စု၏ နဝမအကြိမ်အစည်းအဝေးတွင် နီပေါနိုင်ငံက အထက်ပါအတိုင်း ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။

အိန္ဒိယကြည်းတပ်အရာရှိများအား ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် နီပေါနိုင်ငံက ကမ်းလှမ်းခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း နီပေါတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နီပေါကြည်းတပ်အောက်၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအတွက် သီးသန့်လေ့ကျင့်ရေးဌာနနှစ်ခုနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော လေ့ကျင့်ရေးဌာနတစ်ခုတို့ရှိသည်။ **ဆင်ဟွာ။**

နီပေါ ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များ ဟေတီနိုင်ငံ၌ တာဝန် ထမ်းဆောင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်ဆူဒန်နှင့် ပဋိပက္ခ ကုလလုံခြုံရေးကောင်စီပါဝင်မှု ဆူဒန် ငြင်းပယ်

ခါတွန် ဧပြီ ၂၈

တောင်ဆူဒန်နိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်အရေးနှင့် စပ်လျဉ်း၍ ရက်သတ္တပတ်ပေါင်းများစွာ ပဋိပက္ခဖြစ်ပွားနေခြင်းကို အဆုံးသတ်စေရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပါဝင်ဆောင်ရွက်ရန် ကြိုးပမ်းခြင်းကို ဆူဒန်နိုင်ငံက စနေနေ့တွင် ငြင်းဆိုလိုက်သည်။

အာဖရိကသမဂ္ဂ၏အခန်းကဏ္ဍကို အဟန့်အတားပြုရန် ကြိုးစားခြင်းမှန်သမျှကိုလည်းကောင်း၊ ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံနှစ်ခုအကြားမှ အခြေအနေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ သယ်ဆောင်ခြင်းကိုလည်းကောင်း လက်မခံကြောင်းကို ဆူဒန်နိုင်ငံက ထပ်မံအတည်ပြုပါသည်ဟု နိုင်ငံခြားရေးဝန်ကြီး အလီခါတီက ပြောကြားသည်။

အာဖရိကသမဂ္ဂက ဧပြီ ၂၄ ရက်တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များဖြစ်သော ဆူဒန်နှစ်နိုင်ငံအကြား ရန်လိုမှု များကို ၄၈ နာရီအတွင်း ရပ်ဆိုင်းရန်၊ နှစ်ပတ်အတွင်း ဆွေးနွေး ပွဲများစတင်ရန်နှင့် သုံးလအတွင်း ငြိမ်းချမ်းရေးစာချုပ်အပြီးသတ်ရန်တို့ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထောက်ခံရန် တောင်းဆိုထားသည်။

ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံတို့သည် အာဖရိကသမဂ္ဂက တောင်းဆိုထားသည့်အတိုင်း တိုက်ခိုက်မှုများကို ရပ်ဆိုင်းခြင်း မပြုလျှင် စီးပွားရေးအရေးယူပိတ်ဆို့မှုများပြုလုပ်ရန် ခွင့်ပြုမည့်ဆုံးဖြတ်ချက်အား လုံခြုံရေးကောင်စီက ဧပြီ ၂၆ ရက်တွင် စတင်ဆွေးနွေးခဲ့သည်။ **အင်တာနက်။**

အာဖဂန်လုံခြုံရေးတပ်ဖွဲ့က နိုင်ငံစုံတပ်ဖွဲ့ကို တိုက်ခိုက်ခဲ့ဟုဆို

ကဘူး ဧပြီ ၂၈

အာဖဂန်နစ္စတန်မြောက်ပိုင်းတွင် ယခုသီတင်းပတ်စောစောပိုင်း၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့ဝင်များကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ဖွယ်ရှိသည်ဟု အာဖဂန်နှင့် အမေရိကန်တာဝန်ရှိသူများက သောကြာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ အာဖဂန်အမျိုးသားကြည်းတပ်ဝတ်စုံ ဝတ်ဆင်ထားသည့်အမျိုးသားတစ်ဦးက နေတိုးတပ်ဖွဲ့ဝင်များကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်အတွက် နိုင်ငံစုံတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်မှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ သေနတ်သမား ပစ်ခတ်သူသည် အာဖဂန်အထူးတပ်ဖွဲ့ဝင် တစ်ဦးဖြစ်သည်ဟုဆိုသောသတင်းကို နိုင်ငံစုံတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ထင်မြင်ယူဆချက်ပေးရန် ငြင်းဆိုသည်။

အပြန်အလှန်ပစ်ခတ်

ဒုတိယဖြစ်ရပ်မှာ ကန်ဒါဟာမြို့အနီး ဇာရီခရိုင်၌ ဖြစ်ပွားခဲ့ပြီး အာဖဂန်ရဲတပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့ဝင်များအကြား ဗုဒ္ဓဟူးနေ့၌ အပြန်အလှန်ပစ်ခတ်ခဲ့သည်ဟု ကန်ဒါဟာပြည်နယ် အုပ်ချုပ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူက သောကြာနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါပစ်ခတ်မှုတွင် ရဲအရာရှိနှစ်ဦးနှင့် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် နိုင်ငံစုံတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်က ဧပြီ ၁၆ ရက်နှောင်းပိုင်းတွင် ပြောကြားသည်။ **အင်တာနက်။**

အင်အားအကြီးဆုံးသော ကာကွယ်ရေးစွမ်းပကား အီရန်နိုင်ငံ ပိုင်ဆိုင်ထားပြီဟုဆို

တီဟီရန် ဧပြီ ၂၈

အီရန်နိုင်ငံသည် နိုင်ငံ့သမိုင်းတွင် အင်အားအကြီးဆုံးသော ကာကွယ်ရေးစွမ်းပကားကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း နိုင်ငံခြားရေးဌာန တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၇ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံသည် ပြည်ပမှ မည်ကဲ့သို့သော ကျူးကျော်တိုက်ခိုက်မှုမျိုးကိုမဆို တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ရာမင်မီမန်ပါရက်က ပိုလန်နိုင်ငံ ဝါဆောမြို့၌ သတင်းထောက်များအား ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အနောက်အုပ်စုက ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခဲ့ခြင်းအပေါ် ၎င်းက ရှုတ်ချပြောဆိုသည်။

သို့ရာတွင် ယင်းသို့ အရေးယူပိတ်ဆို့မှုများကြောင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကို ထိခိုက်မှုမရှိကြောင်း၊ အီရန်နိုင်ငံ၏ စီးပွားရေးကဏ္ဍအများအပြားမှာ အင်အားခိုင်မာမှုရှိကြောင်း ၎င်းကပြောကြားသည်။ **အင်တာနက်။**

ဘိုးရင်း-၇၄၇ လေယာဉ်က သယ်ဆောင်လာသည့် လွန်းပြန်ယာဉ် အင်တာပရိုက်စ်အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယူးယောက်မြို့ရှိ အထင်ကရနေရာများပေါ် ဖြတ်ကျော်ပျံသန်းပြီး လွန်းပြန်ယာဉ် အင်တာပရိုက်စ်၏ ဝေဟင်ခရီးစဉ် အဆုံးသတ်

နယူးယောက် ဧပြီ ၂၈

၂၀၀၃ ခုနှစ်မှစ၍ စမစ်ဆိုးနီးယားပြတိုက်၌ ပြသထားခဲ့သော အမေရိကန်အာကာသလွန်းပြန်ယာဉ် အင်တာပရိုက်စ်သည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ဝါရှင်တန်ဒီစီမြို့တော်မှ နယူးယောက်မြို့သို့ ထွက်ခွာလာခဲ့ပြီး နယူးယောက်မြို့ရှိ အထင်ကရနေရာအချို့ပေါ်တွင် ပျံသန်းခဲ့ကြောင်း၊ ယင်းနောက် ဂျွန်အက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဆင်းသက်ကာ ၎င်း၏ ဝေဟင်တွင်းပျံသန်းမှု နောက်ဆုံးခရီးစဉ်ကို အဆုံးသတ်လိုက်ကြောင်း ဧပြီ ၂၇ ရက်တွင် ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

လွန်းပြန်ယာဉ် အင်တာပရိုက်စ်ကို သယ်ပိုးပျံသန်းလာသည့် ဘိုးရင်း-၇၄၇ လေယာဉ်သည် နယူးယောက်မြို့ ဆိပ်ကမ်း၊ လွတ်လပ်ရေးနတ်မိမယ်ရုပ်တုနှင့် မင်ဟက်တန်အနောက်ဘက်ခြမ်းရှိ အင်တာပက်ရေကြောင်း၊ လေကြောင်းနှင့် အာကာသပြတိုက်များအပေါ်မှ ဖြတ်ကျော်ပျံသန်းခဲ့ရာ ပရိသတ်များက ဝမ်းသာရွှင်မြူးစွာ ကြည့်ရှုအားပေးကြသည်။

ယင်းပျံသန်းမှုအပြီးတွင် လွန်းပြန်ယာဉ်အင်တာပရိုက်စ်သည် ဂျွန်အက်ဖ်ကနေဒီလေဆိပ်၌ ရက်သတ္တအနည်းငယ် ရှိနေမည်ဖြစ်ကြောင်း၊ ယင်းလွန်းပြန်ယာဉ်ကို ဘိုးရင်း-၇၄၇ လေယာဉ်မှ ခွဲခွာယူကာ အင်တာပက်ရေကြောင်း၊ လေကြောင်းနှင့် အာကာသပြတိုက်သို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့မပို့ဆောင်မီအတွင်း လွန်းပြန်ယာဉ်မှာ ပျံသန်းမှုစင်တွင် ရှိနေမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အင်တာပရိုက်စ်လွန်းပြန်ယာဉ်သည် အာကာသအတွင်း ပျံသန်းမှုမရှိသော ယာဉ်တစ်စင်းဖြစ်ပြီး လွန်းပြန်ယာဉ်အစီအစဉ်၏ မြေပြင်နှင့် ဝေဟင်အတွင်း စမ်းသပ်မှုပြုလုပ်ရန် အသုံးပြုခဲ့သောယာဉ်ဖြစ်သည်။ **အင်တာနက်။**

တရုတ်နိုင်ငံ၏ အာကာသနည်းပညာ အမေရိကန်စစ်ဘက်အတွက် ခြိမ်းခြောက်မှုဖြစ်လာ

ဝါရှင်တန် မေ ၂၈

တရုတ်နှင့်တရုတ်(တိုင်ပေ)ကျွန်းတို့အကြား စစ်ရေးပဋိပက္ခ ပေါ်ပေါက်လာခဲ့ပါက ကြားဝင်လာနိုင်သည့် အမေရိကန် ပြည်ထောင်စု၏ စစ်ရေးအရစွက်ဖက်မှုမှန်သမျှအား တရုတ် စစ်ဘက်၏ အာကာသနည်းပညာများက အဟန့်အတားပြုနိုင် ကြောင်း အမေရိကန်ကွန်ဂရက်လွှတ်တော်ဆိုင်ရာ ကော်မရှင် တစ်ရပ်၏ မေ ၂၇ ရက်ထုတ် လေ့လာချက်တွင် ဖော်ပြထား သည်။

နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်နိမိတ်စုစည်းခိုင်မာမှု ကို ကာကွယ်ရန်အတွက် တရုတ်စစ်ဘက်သည် ၎င်း၏ အာကာသ နည်းပညာဆိုင်ရာ စီမံချက်များအား အလျင်အမြန် မြှင့်တင် လျက်ရှိကြောင်း ပရောဂျက် ၂၀၄၉ အင်စတီကျုအမည်ရှိ အာရှ-ပစိဖိတ်လုံခြုံရေးဆိုင်ရာ သုတေသနအုပ်စုက အမေရိကန် ကွန်ဂရက်လွှတ်တော်သို့ အစီရင်ခံတင်ပြထားသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကျွန်းအား ၎င်းပိုင် ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ထားပြီး ပြည်မကြီး၏ အချုပ် အခြာအတွင်း ပြန်လည်ထည့်သွင်းရေးအတွက် လိုအပ်ပါက စစ်အင်အားသုံးစွဲမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ငြိမ်းချမ်းသော နည်းလမ်းဖြင့်မဟုတ်ဘဲ အခြားနည်းလမ်း များဖြင့် တရုတ်(တိုင်ပေ)၏ အနာဂတ်အား ပြဋ္ဌာန်းရန် ကြိုးပမ်းမှု မှန်သမျှကို အနောက်ပစိဖိတ်ဒေသငြိမ်းချမ်းရေးနှင့် လုံခြုံရေး အား ခြိမ်းခြောက်မှုအဖြစ် အမေရိကန်ပြည်ထောင်စု၏ ၁၉၇၉ ခုနှစ် ထိုင်ဝမ်ဆက်ဆံရေးအက်ဥပဒေတွင် သတ်မှတ်ထား သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ) ၏ စစ်ဘက်ဆိုင်ရာ အာကာသနည်းပညာများသည် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ အမေရိကန်ပြည်ထောင်စု၏ စစ်ရေး လှုပ်ရှားမှုများကို ရှုပ်ထွေးစေနိုင်ကြောင်း၊ ဥပမာအားဖြင့် အမေရိကန်လေယာဉ်တင်သင်္ဘောများအား သင်္ဘောဖျက် ဒုံးကျည်များဖြင့် တိုက်ခိုက်ဖျက်ဆီးရန် ဂြိုဟ်တုများအသုံးပြု ခြေရာခံထောက်လှမ်းနိုင်ကြောင်း ပရောဂျက် ၂၀၄၉ အစီရင် ခံစာ၌ ဖော်ပြထားသည်။

အင်တာနက်။

ယူနိုက်တက်ရုရှားပါတီ၏ ခေါင်းဆောင်နေရာမှ ဗလာဒီမာပူတင် နုတ်ထွက်

မော်စကို မေ ၂၈

ရုရှားနိုင်ငံ၏ သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ဖြစ်သော ဝန်ကြီးချုပ် ဗလာဒီမာပူတင်**(အပေါ်ပုံ)**သည် ယူနိုက် တက်ရုရှားပါတီ၏ ခေါင်းဆောင်မှုနေရာအား လက်ရှိသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်ထံ မေ ၂၄ရက်က လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံကို ဦးဆောင်မှုပေးရမည့် သမ္မတသည် ပါတီစွဲ ကင်းရှင်းသူဖြစ်သင့်ကြောင်း ပါတီတာဝန်ရှိသူများ၏ ဆွေးနွေး ပွဲတစ်ရပ်၌ ဝန်ကြီးချုပ်ပူတင်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ ဥပဒေအရ သမ္မတအနေဖြင့် ပါတီတစ်ရပ် ရပ်၌ ပါတီဝင်တစ်ဦးအဖြစ် ပါဝင်ခွင့်ရှိသော်လည်း ယူနိုက်တက် ရုရှားပါတီ၏ ခေါင်းဆောင်နေရာကို မိမိ၏ ဆန္ဒအလျောက် စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပူတင်က ပြောကြား ခဲ့သည်။

ရုရှားနိုင်ငံ၏ ပြည်သူအားလုံးအတွက်၊ နိုင်ငံရေးအင်အား စုအားလုံးအတွက် ရုရှားသမ္မတသည် စံတစ်မျိုးတည်းရှိသည့် ပြယုဂ်ဖြစ်ကြောင်း ပူတင်ကဆိုသည်။

အသက် ၅၉ နှစ်အရွယ်ရှိ ဗလာဒီမာပူတင်သည် ရုရှား သမ္မတအဖြစ် ၁၉၉၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်တိုင် တာဝန်ထမ်း ဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှစ၍ ယနေ့အထိ ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

ယခုနှစ် မေလ ၇ရက်တွင် ရုရှားသမ္မတအဖြစ် ကျမ်း သစ္စာကျိန်ဆိုမည့် ဗလာဒီမာပူတင်သည် ၎င်း၏ ဝန်ကြီးချုပ် အဖြစ် လက်ရှိသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်ကို ရွေးချယ်ထား သည်။

အင်တာနက်။

အမေရိကန်လေတပ် အက်ဖ်-၂၂ တိုက်လေယာဉ်များ အီရန်နှင့် မဝေးကွာလှသည့်ဒေသ၌ ဖြန့်ကြက်ထား

ဝါရှင်တန် မေ ၂၈

အီရန်နိုင်ငံ ကုန်းမကြီးနှင့် မိုင် ၂၀၀ မျှပင်မဝေးသော အာရပ်နိုင်ငံတစ်နိုင်ငံ၏ လေတပ်စခန်းတစ်ခု၌ နည်းပညာအရ အဆင့်မြင့်ဆုံး ရေဒါထောက်လှမ်းမှု ရှောင်ကွင်းနိုင်သည့် ဂျက်တိုက်လေယာဉ်များကို အမေရိကန်လေတပ်က တိတ်တဆိတ်ဖြန့်ကြက် ထားကြောင်း မေ ၂၈ ရက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သို့ရာတွင် အဆိုပါ တိုက်လေယာဉ်များကို အရှေ့အလယ်ပိုင်းဒေသ၌ ဖြန့်ကြက်ထားရှိခြင်းသည် အီရန်နိုင်ငံအတွက် ခြိမ်းခြောက်မှုတစ်ရပ်မဟုတ်ကြောင်း အမေရိကန်လေတပ်က ငြင်းဆိုထားသည်။

နည်းပညာအရ အဆင့်မြင့်ဆုံးဖြစ်သော်လည်း တိုက်ပွဲအတွေ့အကြုံမရှိသေးသည့် အက်ဖ်-၂၂ ဘက်စုံသုံး ရက်ပ်တာ တိုက်လေယာဉ်များကို အီရန်နိုင်ငံတောင်ပိုင်းနယ်စပ် ပါရှန်ပင်လယ်ကွေ့အနီးရှိ အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)မှ အယ်လ်ဒက်ဖ်ရာ လေတပ်စခန်းတွင် အမေရိကန်လေတပ်က တပ်စွဲထားရှိကြောင်း မြို့ပြလေကြောင်း အပတ်စဉ်သတင်းလွှာ၌ ဖော်ပြထားသည်။

အက်ဖ်-၂၂ တိုက်လေယာဉ်များ တပ်စွဲထားသော တည်နေရာအတိအကျနှင့်ပတ်သက်၍ အမေရိကန်လေတပ်က ထုတ်ဖော်အတည်ပြုခြင်းမရှိခဲ့သော်လည်း ယူအေအီးနိုင်ငံအပါအဝင်ဖြစ်သော အနောက်မြောက်အာရှဒေသ လေတပ်စခန်းတစ်ခု၌ ယင်းလေယာဉ်များအား ဖြန့်ကြက်ထားကြောင်း အေဘီစီသတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံ တီဟီရန်မြို့နှင့် အယ်လ်ဒက်ဖ်ရာလေတပ်စခန်းသည် မိုင် ၈၀၀ မျှသာကွာဝေးရာ အက်ဖ်-၂၂ တိုက်လေယာဉ်များ ပျံသန်းတိုက်ပွဲဝင်နိုင်သည့် အကွာအဝေးဖြစ်သည်။

အင်တာနက်။

အမေရိကန် လေတပ်၏ နည်းပညာ အဆင့်မြင့်ဆုံး ရေဒါ ထောက်လှမ်းမှုအား ရှောင်ကွင်းနိုင်သည့် အက်ဖ်-၂၂ တိုက်လေယာဉ်များကို တွေ့ရစဉ်။

ကွယ်လွန်ပါက သာမန်ဈာပနအခမ်းအနားဖြင့် သင်္ဂြိုဟ်ရန် ဂျပန်ဧကရာဇ်နှင့် မိဖုရားဆန္ဒရှိ

တိုကျို မေ ၂၈

၎င်းတို့ကွယ်လွန်ပြီးနောက် ရိုးစင်းသောဈာပန အခမ်း အနားများသာ ပြုလုပ်၍ ရုပ်အလောင်းများအား မီးသင်္ဂြိုဟ် ပေးရန် ဂျပန်ဧကရာဇ်နှင့် မိဖုရား မီချိကို**(အပေါ်ပုံ)**တို့က ဆန္ဒရှိ ကြောင်း မေ ၂၇ ရက် သတင်းများတွင် ဖော်ပြသည်။

ဂျပန်ပြည်သူများ၏ နေ့စဉ်ဘဝများအပေါ် အကျိုး သက်ရောက်မှု အနည်းဆုံးဖြစ်စေရန် ၎င်းတို့ကွယ်လွန်ပါက ရုပ် အလောင်းများအား သာမန်ဈာပနအခမ်းအနားဖြင့် မီးသင်္ဂြိုဟ် ပေးရန် ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့က ဆန္ဒပြုခဲ့ကြကြောင်း ဘုရင့်နန်းတော်ထိန်း အေဂျင်စီအကြီးအကဲက ပြောကြားခဲ့သည်။

၁၉၈၉ ခုနှစ်တွင် နတ်ရွာစံ ဂျပန်ဧကရာဇ်ရှိဝါကို မြှုပ်နှံသင်္ဂြိုဟ်ရန်အတွက် တိုကျိုမြို့တော် အိချိအိုဂျိခရိုင်၌ ဂူဗိမာန်တည်ဆောက်ခဲ့ရာ ဂျပန်ယန်းငွေ ၂ ဒသမ ၆ ဘီလီယံ (ယူရို ၁၉ ဒသမ ၈၉ သန်း)သုံးစွဲခဲ့ရသည်။

ဧကရာဇ် သို့မဟုတ် မိဖုရားတစ်ပါးပါးက မကွယ်လွန်မီ ဈာပနအခမ်းအနားနှင့်ပတ်သက်၍ ဆန္ဒသဘောထားပြုခြင်း သည် ဘုရင့်နန်းတော်ထိန်းအေဂျင်စီအတွက် အစဉ်အလာ နည်းမကျပေ။ရှေးယခင်က ဂျပန်ဧကရာဇ်နှင့် မိဖုရားများ နတ်ရွာစံခဲ့ပါက အစဉ်အလာအားဖြင့် မြေမြှုပ်သင်္ဂြိုဟ်လေ့ရှိပြီး အေဒီ ရှစ်ရာစုခေတ်ရောက်မှသာ မီးသင်္ဂြိုဟ်သည့် အစဉ်အလာ ဖြစ်ထွန်းခဲ့သည်။

၁၄ ရာစုနှင့် ၁၆ ရာစုအကြား မူရိုမီချီခေတ်အတွင်း နတ်ရွာစံဧကရာဇ်နှင့် မိဖုရားများကို မီးသင်္ဂြိုဟ်သည့် အလေ့ အထထွန်းကားခဲ့သော်လည်း ၁၇ ရာစု အလယ်ကာလမှစ၍ ယနေ့ထိတိုင် မြေမြှုပ်သင်္ဂြိုဟ်သည့် အစဉ်အလာများ ပြန်လည် ကျင့်သုံးခဲ့သည်။

အင်တာနက်။

ဂျပန်လေပိုင်နက်အနီး ချဉ်းကပ်လာခဲ့သော ပြည်ပလေယာဉ်များကြောင့် ၂၀၁၁ ခုနှစ်အတွင်း ဂျပန်တိုက်လေယာဉ်များ အရေးပေါ်ပျံတက်မှု ၄၂၅ ကြိမ် လုပ်ခဲ့ရ

တိုကျို မေ ၂၈

တရုတ်နှင့် ရုရှား လေယာဉ်များကြောင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ လေတပ်လေယာဉ်များသည် ၂၀၁၁ ခုနှစ်အတွင်း အရေးပေါ်စစ်ရေးလှုပ်ရှားမှုများကို စံချိန်တင်ပြုလုပ်ခဲ့ရကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ ယခုသီတင်းပတ်အတွင်း ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၁ ခုနှစ်အတွင်း ဂျပန်လေကြောင်းပိုင်နက်အနီး ချဉ်းကပ်လာသော တရုတ်လေယာဉ်များကို တုံ့ပြန် သတိပေးရန် ဂျပန်လေတပ်စစ်လေယာဉ်များသည် အရေးပေါ်ပျံတက်မှု ၁၅၆ ကြိမ်အထိ လုပ်ဆောင်ခဲ့ရကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဌာနက မေ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ယင်းအပြင် ဂျပန်လေပိုက်နက်အနီး ချဉ်းကပ်လာခဲ့သော ရုရှားလေယာဉ်များအား တုံ့ပြန်တားဆီးရန် ဂျပန်တိုက် လေယာဉ်များ အရေးပေါ် ပျံတက်ခဲ့ရသည့်အကြိမ်ရေမှာ ၂၄၇ ကြိမ်အထိ ရှိခဲ့ရာ နှစ်ပေါင်း ၂၀ ကာလအတွင်း ကြိမ်ရေ အများဆုံးဖြစ်ခဲ့ရကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ပြည်ပလေယာဉ်များ အထူးသဖြင့် တရုတ်လေယာဉ်များ သည် ဂျပန်ပိုင်နက်အနီးအနားထိ မစ်ရှင်နယ်နိမိတ် ချဲ့ထွင်လာ ခဲ့ရာ ယင်းနိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများ မြင့်တက်လာသည့် အထောက်အထားဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်လေယာဉ်များသည် အရှေ့တရုတ်ပင်လယ်အနီး နန်ဆိုင်းကျွန်းစုဝန်းကျင်နှင့် အမေရိကန်စစ်ဘက်အခြေစိုက် စခန်းတည်ရှိရာ အိုကီနာဝါကျွန်းအနီး ချဉ်းကပ်ပျံသန်းခဲ့ကြ ကြောင်း သိရသည်။

ယင်းအပြင် အခြားနိုင်ငံများမှ လေယာဉ်များလည်း ဂျပန် လေပိုင်နက်အနီး ချဉ်းကပ်ပျံသန်းမှုများရှိခဲ့ရာ ဂျပန်လေတပ် တိုက်လေယာဉ်များသည် ၂၀၁၁ ခုနှစ်အတွင်း အရေးပေါ် ပျံတက်မှု ၄၂၅ ကြိမ် လုပ်ဆောင်ခဲ့ရကြောင်း ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာန အစီရင်ခံစာတွင် ဖော်ပြထားသည်။ အင်တာနက်။

သေဒဏ်ချမှတ်ခံထားရသော ခွေးဆိုး ပြစ်ဒဏ်မှလွတ်မြောက်

နက်ရှ်ဗီး မေ ၂၈

အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ် နက်ရှ်ဗီးလ်မြို့၌ လွန်ခဲ့သော တစ်နှစ်ကျော်က သေဒဏ်ချမှတ်ခံခဲ့ရ သော ခွေးဆိုးတစ်ကောင်ကို ပြစ်ဒဏ်ဆိုင်းငံ့၍ အချုပ်အနှောင်မှ ပြန်လည်လွှတ်ပေးခဲ့ရာ ရုပ်သံသတင်းများတွင် ဟိုးလေး တကျော်ကျော်ဖြစ်ခဲ့ရကြောင်း မေ ၂၆ ရက်သတင်းများ အရသိရသည်။

ရန်လိုမှုကြောင့် သေဒဏ်ချမှတ်ခံခဲ့ရသော အသက် လေးနှစ်အရွယ် ပရာဒါအမည်ရှိ ပစ်ဘူးလ်မျိုးစပ်ခွေးကို နက်ရှ်ဗီးလ်မြို့ တိရစ္ဆာန်ထိန်းချုပ်ရေးဌာနမှ ပြန်လည်လွှတ်ပေးခဲ့ ခြင်းဖြစ်သည်။

အခြားသော ခွေးပေါင်းများစွာအား ရန်မူတိုက်ခိုက်မှု ကြောင့် ခွေးဆိုးပရာဒါကို သေနတ်ဖြင့်ပစ်သတ်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အမိန့်ချမှတ်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ယင်းသတ္တဝါအား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးဌာနတစ်ခုက လွှဲ ပြောင်းထိန်းသိမ်းရန် သဘောတူညီခဲ့ပြီးနောက် ခွေးဆိုးပရာဒါ အပေါ် သေဒဏ်ချမှတ်ထားမှုအား ပယ်ဖျက်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုံးဖြတ်ခဲ့ကြသည်။

ခွေးဆိုးပရာဒါအပေါ် သေဒဏ်ချမှတ်မှုအား ပယ်ဖျက် ရန် ၎င်းကို ပိုင်ဆိုင်သော အသက်(၃၅)နှစ်အရွယ် အန်ဒရီ အမည်ရှိ အမျိုးသမီးက တရားရုံး၌ ကာလကြာမြင့်စွာ အရေး ဆိုခဲ့သည်။

သေဒဏ်မှလွတ်မြောက်သွားသည့် ခွေးဆိုးပရာဒါကို အင်ဒရီအနေဖြင့် လက်လွှတ်ရမည်ဖြစ်ပြီး တိရစ္ဆာန်ကာကွယ် စောင့်ရှောက်ရေးဌာနသို့ လွှဲအပ်ရမည်ဖြစ်သည်။ အင်တာနက်။

အခြားခွေးများ အပေါ် ရန်လို တိုက်ခိုက် တတ်မှုကြောင့် သေဒဏ်အချခံရပြီး ဖမ်းဆီးထိန်းသိမ်း ခံခဲ့ရသော ခွေးဆိုးပရာဒါ။

ဥရောပအနောက်မြောက်ပိုင်း ရာသီဥတု အာရှခြင်ကျားများ ပေါက်ပွားရေးအတွက် အခြေအနေပေး

လီဗာပူး မေ ၂၈

ဥရောပအနောက်မြောက်ပိုင်းနှင့် ဘော်လကန်ဒေသ ရာသီဥတုများသည် ရောဂါဆိုးများ သယ်ဆောင်ကူးစက်စေတတ် သည့် အာရှခြင်ကျားမျိုးစိတ်များ ရှင်သန်ပေါက်ပွားရေးအတွက် အခြေအနေများပေးလာကြောင်း သိပ္ပံပညာရှင်များက မေ ၂၅ ရက်တွင် သတိပေးခဲ့သည်။

ယင်းဒေသနှစ်ခု၌ ဆောင်းရာသီကာလ အအေးဓာတ် လျော့နည်းလာပြီး နွေရာသီကာလတွင် ပိုမိုပူနွေးလာလျက်ရှိရာ အာရှခြင်ကျားများ ပျံ့နှံ့ပေါက်ပွားရေးအတွက် အခြေအနေ ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

သမပိုင်းရာသီဥတုအခြေအနေများသည် ခြင်များ ရှင်သန် ပေါက်ပွားရေးအတွက် အထောက်အကူပြုကြောင်း သိပ္ပံပညာ ရှင်များက ပြောကြားသည်။

လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်ကာလမှစ၍ ဥရောပ အနောက်မြောက်ပိုင်းဒေသများရှိ ရာသီဥတုအခြေအနေများ ကြောင့် အာရှခြင်ကျားများ ပေါက်ပွားရှင်သန်ရန် ပိုမိုလွယ်ကူ လာကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်အရသိရသည်။

အာရှခြင်ကျား(Aedes albopiltus)များသည် အရှေ့ တောင်အာရှ၏ အပူပိုင်းနှင့် သမအပူပိုင်းဒေသများတွင် မူလပေါက်ပွားလာသော ခြင်မျိုးစိတ်များဖြစ်ပြီး ငှက်ဖျားနှင့် ဂျပန် ဦးနှောက်အမြှေးရောင် ရောဂါအပါအဝင် ရောဂါဆိုးများ ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးများအား ကူးစက်စေနိုင်သည်။

အင်တာနက်။

မျက်သားတက်ရောဂါ

ဒေါက်တာကံညွန့်

မျက်စိဆရာဝန်တွေအနေနဲ့ မျက်သားတက်ရောဂါဟာ အသေးအဖွဲရောဂါလေးတစ်ခုပါပဲ။ ဒါလောက်လည်း အရေးထားစရာမလိုဘူးဆိုပြီး ဒီအကြောင်း စာတစ်စောင် ပေတစ်ဖွဲ့ မရေးခဲ့တာပါ။ အခုတော့ ရမ်းဖြဲကျွန်းကလာတဲ့ တံငါသည်လေး မောင်သောင်းရွှေကို မြင်တော့မှ ကျွန်တော့်မှာ မျက်လုံးပြူးရပါတော့တယ်။ မျက်သားတက်တယ်ဆိုတာကို ပေါ့ပေါ့မထားဖို့ ရေးရတော့မယ်ဆိုပြီး ရေးလိုက်ရတာပါ။

မောင်သောင်းရွှေဟာ အသက် (၄၂)နှစ်သာ ရှိပါသေးတယ်။ ရမ်းဖြဲကျွန်း ပင်လယ်ကမ်းခြေတစ်နေရာက တံငါသည်လေးပါ။ တံငါသည်ဆိုတဲ့အတိုင်း ပင်လယ်ထဲကို ငါးဖမ်းဖို့ နေပူမရှောင် မိုးရွာမရှောင် သွားနေရသူပါ။ ယခု သူ ကျွန်တော့်ဆီလာပြရတာကတော့ ညာမျက်စိအနည်းငယ်နီပြီး တဖြည်းဖြည်း ကွယ်သွားလို့ပါပဲ။

သူလာပြချိန်မှာ သူ့အမြင်စွမ်းအင်ဟာ လက်လှုပ်တာလောက်ပဲ မြင်နိုင်တော့တာပါ။ လက်နှိပ်ဓာတ်မီးနဲ့ ကြည့်လိုက်တာနဲ့ သူ့ရဲ့အံ့ဩလောက်စရာ မျက်သားတက်နေတာကို မြင်ရပါတော့တယ်။ မျက်သားဟာ မျက်သူငယ်အိမ်ကို လုံးဝဖုံးနေတာပါ။ နောက်တစ်ဖက် (ဘယ်မျက်စိ)မှာတော့ မျက်သားက မျက်ကြည်လွှာပေါ်ကို အနည်းငယ်တက်နေပါသေးတယ်။ ဆရာ့ဆီ ဘာလို့ စောစောလာမပြတာလဲ၊ ဒါလောက်နောက်ကျအောင် ဘာလို့နေရတာလဲလို့ မေးလိုက်တော့ ဘယ်မျက်စိက မြင်ပြီး အလုပ်လုပ်နိုင်သေးလို့ပါတဲ့။

အမှန်တော့ မျက်သားဟာ မျက်စိကွယ်စရာအကြောင်းမရှိပါဘူး။ ဒါပေမယ့် သူ့လို မသိလိုက် မသိဘာသာ နေတတ်သူတွေမှာတော့ ယင်းမျက်သားဟာ မျက်သူငယ်အိမ်အပေါက်ကို ဖုံးလာရင် မျက်စိကွယ်ရပါတော့တယ်။

လူတစ်ယောက်ရဲ့ မျက်စိမှာ အမြင်အာရုံရဖို့ဆိုတာ မျက်စိရဲ့ အရှေ့ပိုင်းမှာရှိတဲ့ မျက်ကြည်လွှာ၊ မျက်စိရဲ့ အရှေ့ခန်း၊ မျက်သူငယ်ဝင်ပေါက်၊ ပြီးတော့ မျက်စိရှေ့က မှန်ဘီလူး ဒါတွေအားလုံး ကြည်လင်ပြတ်သားနေဖို့ လိုပါတယ်။

အဲဒါအလွှာတွေထဲမှာ

(၁) မျက်ကြည်လွှာမှာ အနာ(Corneal Ulcer) ဖြစ်လို့ဖြစ်စေ၊ Corneal Opacity ခေါ်တဲ့ မျက်ကြည်လွှာအနာရွတ်ရောဂါဖြစ်လို့ဖြစ်စေ၊ အခုလို မျက်သားတက်လို့ဖြစ်စေ၊ ပိတ်နေရင်

(၂) နောက်မျက်စိအရှေ့ခန်းက aqueous Humor ခေါ်တဲ့ မျက်ကြည်ရေရှိတဲ့နေရာမှာ သွေးတွေဖုံးလို့ ဖြစ်စေ၊ ပြည်တည်လို့ဖြစ်စေ၊ ပိတ်နေရင် (ဥပမာ-ထိခိုက်ဒဏ်ရာကြောင့်ဖြစ်စေ၊ မျက်စိအတွင်းရောင်ရောဂါ- Anterior Uveitis)

(၃) မျက်သူငယ်အိမ်ကျဉ်းပြီး ပိတ်သွားရတဲ့ ရောဂါကြောင့်ဖြစ်စေ (ဥပမာ- Anterior Uveitis)

(၄) အတွင်းတိမ်ခေါ်တဲ့ မျက်စိတွင်း မှန်ဘီလူး (Lens)အကြည်ဓာတ် ဆိတ်သုဉ်းရတဲ့အခါဖြစ်စေ

မျက်စိအမြင်အာရုံ ကွယ်သွားနိုင်ပါတယ်။ ဒီအထဲက အလွယ်ဆုံးနည်းနဲ့ ကုနိုင်တာကတော့ မျက်သားတက်ရောဂါပဲ ဖြစ်ပါတယ်။

မျက်သားတက်တယ်ဆိုတာ မျက်မှေးလွှာ(Conjuctiva)က မျက်ကြည်လွှာ မျက်လုံးအနက်ပိုင်းပေါ်တက်နေတဲ့ ရောဂါပါ။

မျက်သားတက်ရောဂါကို ဆေးပညာအရ Pterygion လို့ခေါ်ပြီး နှာခေါင်းဘက်တက်ရင် (Nasal Pterygion)၊ မျက်စိအပြင်ဘက်ကတက်ရင် (Temporal Pterygion)လို့ ခေါ်ပါတယ်။

ဒီရောဂါဟာ အသက်ကြီးသူတွေမှာ Degeneration ကြောင့် ဖြစ်တတ်ကြပြီး အများအားဖြင့် အသက် (၅၀) ကျော် (၆၀)လောက်မှာဖြစ်ကြတာပါ။ ဒါပေမယ့် နေပူထဲမှာ အမြဲအလုပ်လုပ်နေရသူတွေ၊ လေတိုက်တဲ့နေရာ၊ ဖုန်ထူတဲ့နေရာမှာ အမြဲအလုပ်လုပ်နေရတဲ့သူတွေမှာ ပိုဖြစ်တတ်ပါတယ်။ ယင်းလိုနေရာမျိုးမှာ အလုပ်လုပ်နေရသူတွေဟာ အသက်ငယ်ငယ်နဲ့လည်း ဖြစ်နိုင်ပါတယ်။ ဆေးပညာအသုံးအနှုန်းအရတော့ ဒီလူတွေကို Chronic Initation ရှိသူတွေလို့ ခေါ်ပါတယ်။ တချို့ မော်တော်ဆိုင်ကယ်စီးသူ၊ တွင်ခုံလုပ်သူနဲ့ တောင်သူတွေမှာ မျက်စိထဲ အမှိုက်ဝင်ပြီး မျက်သားတက်ရတာမျိုးလည်း ရှိပါတယ်။ ဒါကို (Pseudo Pterygion) လို့ ခေါ်ပါတယ်။

စာရေးသူနဲ့ အိမ်နီးချင်းမြိတ်မြို့မှာ အကြာကြီးတာဝန်ထမ်းဆောင်နေခဲ့တဲ့ ဆရာဝန်ကြီးတစ်ဦးက ပြောဖူးပါတယ်။ မြိတ်မှာတော့ မျက်သားတက်ရောဂါ တော်တော်များများ တွေ့ရတယ်တဲ့။ မြို့ပေါ်ကလူတွေက လူတိုင်းလိုလို မော်တော်ဆိုင်ကယ်စီး၊ တောပိုင်းကလူတွေက ပင်လယ်ထဲ ငါးဖမ်းဆိုတော့ ဖြစ်တာပေ့ါဗျာတဲ့။

စာရေးသူနယ်ထွက်ပြီး အခမဲ့ ခွဲစိတ်ကုသဖို့သွားရင်း မျက်စိစမ်းသပ်ခဲ့ကြရာမှာလည်း လာပြတဲ့အထဲမှာ ၁၅ ရာခိုင်နှုန်းလောက်က မျက်သားတက်နေကြပြီး အတွင်းတိမ်ရောဂါပြီးရင် ဒုတိယအများဆုံးရောဂါ ဖြစ်ပါတယ်။

မျက်သားတက်တာကို စောစောသိရင် စတီရိုက်အာနိသင်အနည်းငယ်ပါတဲ့ မျက်စဉ်းခတ်ရင် သက်သာပြီး မျက်သားခြစ်ပစ်ခြင်း (Excision and Tranplantation)၊ မျက်သားခြစ်ပြီး မျက်မှေးလွှာပြန်ကပ်ပေးပြီး(Excision and Conjuctival Graft)၊ အာနိသင်ပျော့တဲ့ ဓာတ်ကင်ခြင်း β Radiation နည်းဖြင့် ကုသနိုင်ပါတယ်။

မျက်သားနည်းနည်း စတက်တယ်ဆိုရင် ဖြစ်တတ်တဲ့လက္ခဏာက မျက်ခမ်းနှစ်ခုကြားက မျက်လုံးရဲ့ အဖြူလွှာပေါ်မှာ နီနေတတ်ပါတယ်။ ပထမ မကြာခဏဆိုသလို နီနေတတ်ပြီး နောက်တော့ အဲဒီနီနေတဲ့နေရာတွေကနေ မျက်နက်(မျက်ကြည်လွှာ)ပေါ်ကို စရောက်လာတတ်ပါတယ်။ မျက်စိစနီရင် သို့မဟုတ် မျက်နက်ကို စရောက်ရင် ဆရာဝန်တွေနဲ့ပြပြီး မျက်စဉ်းနဲ့ ထိန်းထားနိုင်ပါတယ်။ တချို့လည်း မျက်ကြည်လွှာပေါ်သို့ မရောက်ဘဲ ဆေးနဲ့နေနိုင်ကြလို့ပါ။ အဲဒီကမှ မျက်နက်ပေါ်ကို 2-3 mm လောက်တက်လာရင်တော့ ပိုတက်လာတာကို မစောင့်ဘဲ မျက်သားခြစ်တာကို လုပ်သင့်ပါတယ်။ မျက်စိမှာ မျက်ကြည်လွှာဟာ အမြင်အာရုံအတွက် အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လို့ မျက်ကြည်လွှာမနာအောင် မျက်သားခြစ်ခြင်းကို ခပ်စောစောပြုလုပ်သင့်ပါတယ်။

ကာကွယ်နိုင်တဲ့နည်းကတော့ နေပူထဲအမြဲထွက်သူတွေ နေကာမျက်မှန် အမြဲတပ်ထားကြဖို့၊ တွင်ခုံလုပ်သူတွေ၊ မော်တော်ဆိုင်ကယ်စီးသူတွေ၊ စက်ဘီးအမြန်စီးသူတွေမှာ မျက်စိကာဘာတပ်ပြီးစီးကြဖို့ လိုပါတယ်။ လေလည်းတိုက်၊ နေပူတဲ့နေရာတွေသွားရတဲ့ ရေလုပ်သားတွေအတွက်လည်း နေကာမျက်မှန်တပ်ပြီး အလုပ်လုပ်ကြရင် မျက်သားတက်တာကို ကာကွယ်နိုင်ပြီး စောစီးစွာ မျက်စိဆရာဝန်ထံ ပြသထားကြရင် မျက်သားတက်ခြင်းကြောင့် မျက်စိကွယ်တာကို လွယ်လင့်တကူ ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

၂၀၁၂ ခုနှစ် မေလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေလ ၁၅-၁၉ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မေလ ၂၂-၂၆ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အသီးသီးဝင်ရောက်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

မြစ်ရေအခြေအနေ

၂၀၁၂ ခုနှစ် မေလအတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက်မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

မြဝတီ၌ စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးအရေးယူ

မြဝတီ မေ ၂၈

မြဝတီခရိုင် မြဝတီမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဆွေ၏ ဦးဆောင်မှုဖြင့် ယာဉ်ထိန်းတာဝန်ခံ ဒု-ရဲအုပ် ဝင်းဝင်းထွန်း ဦးဆောင်၍ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ အဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၂၆ ရက်က ဘုရင့်နောင်လမ်းမကြီး ချစ်ကြည်ရေးတံတားထိပ်တွင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စည်းကမ်းမဲ့စွာ ရပ်ထားခြင်း၊ နှစ်ထပ်၊ သုံးထပ်ယှဉ်၍ ရပ်ထားခြင်း၊ နံပါတ်ပြားမပါရှိခြင်း၊ စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ မော်တော်ဆိုင်ကယ်ဦးထုပ် မဆောင်းခြင်းတို့ကို ရှောင်တခင် ဝင်ရောက်စစ်ဆေးရာ စည်းကမ်းမဲ့မော်တော်ယာဉ် ၁၂ စီးနှင့် မော်တော်ဆိုင်ကယ် ခုနစ်စီးတို့အား ဖမ်းဆီးအရေးယူပြီး တရားရုံး၌ တရားစွဲဆို ဒဏ်ရိုက်၍ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(၅၇၀)

ရန်ကုန်မြို့ လှိုင်မြို့နယ် ဗုဒ္ဓစာပေဆုနှင့် ယဉ်ကျေးလိမ္မာဆုပေးပွဲ အခမ်းအနားကို မေ ၂၇ ရက်က (I.B.C) ခန်းမ၌ ကျင်းပရာ ဆုရရှိသော ကျောင်းသူတစ်ဦးအား လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဇမ္ဗူသီရိမြို့နယ် အရန်မီးသတ်အကြို အခြေခံသင်တန်းဖွင့်

နေပြည်တော် မေ ၂၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အရန်မီးသတ်အကြို အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၂) ဖွင့်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးသတ်ဝတ်စုံ ၅၀ ထောက်ပံ့ပေးအပ်သည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(၅၈၆)

စာပေနှင့် စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ပျဉ်းမနား မေ ၂၈

ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၁၂ ခုနှစ် အရေးပေါ်ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် စာပေသက်ကြီးပညာရှင်များအား ပူဇော်ပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးခန်း အမှတ်(၁) မြို့မဈေးအပေါ်ထပ်၌ ကျင်းပရာ**(ဓါတ်ပုံ)** မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစောလင်း (စောငုဝါ-ပျဉ်းမနား)က ပဉ္စမအကြိမ်အရေးပေါ်ညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးထွန်းကျော်မင်း(ကိုကြီးကျော်-ပျဉ်းမနား)က အသက်(၇၀)နှင့်အထက် စာပေသက်ကြီးပညာရှင် ခုနစ်ဦးနှင့် အသက်(၆၀)နှင့်အထက် စာပေပညာရှင် ၂၀ တို့အား ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (မင်းမင်းလတ်)

မန္တလေးမဟာမုနိဘုရားကြီး စောင်းတန်း၊ တိုက်တန်း ဆိုင်ခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံမည်

မန္တလေး မေ ၂၈

မန္တလေးမဟာမုနိဘုရားကြီးစောင်းတန်း၊ တိုက်တန်းများ၏ ဆိုင်ခွန်နှုန်းထားများအား မေလမှ စတင်ကာ မူလကောက်ခံနေသော ဆိုင်ခွန်နှုန်းထား၏ သုံးဆခန့် တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံးမှ မေ ၁၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ မဟာမုနိဘုရားကြီးစောင်းတန်း၊ တိုက်တန်းများ၏ ဆိုင်ခွန်နှုန်းထားများမှာ ယခင်ကာလများက ဆိုင်ခန်းတည်နေရာ ဆိုင်ခန်းအနေအထားပေါ်မူတည်ပြီး တစ်ခန်းလျှင် ငွေကျပ် ၅၀၀၊ ငွေကျပ် ၆၀၀၊ ငွေကျပ် ၇၀၀၊ ငွေကျပ် ၉၀၀၊ ငွေကျပ် ၁၃၀၀ မှ တစ်ခန်းလျှင် ငွေကျပ် ၂၀၀၀၊ ငွေကျပ် ၂၅၀၀၊ ငွေကျပ် ၃၀၀၀၊ ငွေကျပ် ၃၅၀၀၊ ငွေကျပ် ၅၀၀၀ သို့ တိုးမြှင့်ကောက်ခံခဲ့သည်။ မဟာမုနိဘုရားကြီးသည် မြန်မာနိုင်ငံ၏ နိုင်ငံ့ဂုဏ်ဆောင်ဘုရားကြီးဖြစ်သည်နှင့်အညီ အစဉ်သန့်ရှင်း သပ်ရပ်သာယာလှပနေရန် လိုအပ်သည့်အတွက် ပြုပြင်ရန်လိုအပ်သည်များကို ပြုပြင်ကြရမည်ဖြစ်သည်နှင့်အညီ ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပြုပြင်ဆောင်ရွက်ရာတွင် ခေတ်ကာလအခြေအနေအရ ကုန်ပစ္စည်းဈေးနှုန်းများ၏ တန်ဖိုးကြီးမားမှုကြောင့် ကုန်ကျစရိတ်များလည်း ကြီးမြင့်လာသဖြင့် ယခုကောက်ခံနေသော ဆိုင်ခွန်များကို ဘုရားကြီးဘဏ္ဍာတိုးပွားစေရေး၊ အစဉ်သန့်ရှင်းသပ်ရပ်လှပစေရေး အစရှိသည့် ဘက်ပေါင်းစုံမှ ရှုထောင့်ပေါင်းစုံဖြင့် သုံးသပ်ပြီး ဘုရားကြီးဂေါပကအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ယခုကဲ့သို့ သုံးဆမျှ တိုးမြှင့်ကောက်ခံရခြင်း ဖြစ်သည်။ တိုးမြှင့်ကောက်ခံမည့် နှုန်းထားများမှာ ဆိုင်ခန်းတည်နေရာ ဆိုင်ခန်းအနေအထားပေါ်မူတည်ပြီး တစ်ခန်းလျှင် လစဉ် ငွေကျပ် ၃၂၀၀၊ ငွေကျပ် ၆၀၀၀၊ ငွေကျပ် ၇၅၀၀၊ ငွေကျပ် ၉၀၀၀၊ ငွေကျပ် ၁၀၅၀၀၊ ငွေကျပ် ၁၅၀၀၀ တို့ဖြစ်သည်။ အလားတူ မဟာမုနိဘုရားကြီး၌ စက်ဘီး၊ ဆိုင်ကယ်၊ ကားအပ်နှံခွင့်ကိုလည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်ကာ ကားကြီး ငွေကျပ် ၅၀၀၊ ကားလေး ငွေကျပ် ၄၀၀၊ ဆိုင်ကယ် ငွေကျပ် ၃၀၀၊ စက်ဘီး ငွေကျပ် ၁၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ (၀၀၂)

❒ **ကျောဖုံးမှ**

တာဝန်ရှိသူများက ၎င်းတို့ဆောင်ရွက်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ အခက်အခဲများကိုလည်းကောင်း၊ ကတ္တားထုတ်လုပ်သည့် ကုမ္ပဏီ(၅)ခုမှ တာဝန်ရှိသူများကလည်း ကတ္တားများ၏ စံချိန်စံညွှန်းပြည့်မီမှု၊ အလေးချိန်မှန်ကန်မှုနှင့် ရေရှည်အသုံးပြုနိုင်မည့် နည်းစနစ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ဘုရင့်နောင်အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်း အတွင်းရေးမှူးက ကုန်တင်ယာဉ်ကြီးများ သတ်မှတ်တန်ချိန်အတိုင်း စနစ်တကျသယ်ဆောင်သွားလာနိုင်ရေးအတွက် အထူးအလေးထားစိစစ်ဆောင်ရွက်နေပါကြောင်း၊ တန်ပိုတားဆီးရေးလုပ်ငန်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန B.O.T /လေလံလုပ်ငန်းရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရှေ့ဆက်၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူနာ နားနေဆောင်သစ်နှင့် ဆိုင်ကယ်ရပ်နားရန်နေရာသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၈

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆရာဝန်များ၏ ကြိုးကြပ်မှုဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း တည်ဆောက်ပြီးစီးခဲ့သော လူနာနားနေဆောင်၊ ဆိုင်ကယ်ရပ်နားရန်နေရာနှင့် ဆေးရုံအဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၇ရက် နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီးရှိ လူနာနားနေဆောင်သစ်၌ကျင်းပရာ အထွေထွေရောဂါကု ဆေးရုံကြီး ဆေးရုံအုပ်ကြီးဒေါက်တာ ဝေဝေဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးက အဆောက်အအုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အထွေထွေရောဂါကုဆေးရုံအုပ်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးထံ အမှတ်(၂)ဈေး ဖြူစင်မေတ္တာစေတနာရှင် ဆေးလှူဒါန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးချစ်မောင်တို့က ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အမှတ်(၂)ဈေး ဖြူစင် မေတ္တာစေတနာရှင် ဆေးလှူဒါန်းရေးအဖွဲ့က တောင်ပေါ်လမ်းလျှောက်အသင်း၏စေတနာကုသိုလ်ဖြစ် အခမဲ့ဆေးခန်းအတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌဦးနီနီယုက လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ စေတနာရှင်အလှူရှင်များ၏ ပါဝင်လှူဒါန်းခဲ့မှုကြောင့် လူနာနားနေဆောင်၊ ဆိုင်ကယ်ရပ်နားရန်နေရာတို့ကို ငွေကျပ်သိန်း ၄၀ ကျော် အကုန်ကျခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၉-၄-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၄၀	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅	"မြေကမ္ဘာမှတ်တမ်း"
၈း၄၀	International News
၁၁း၃၅	"ဖန်တီးမှုရဲ့ လျှို့ဝှက်ချက်"
၁၂း၀၀	**မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ထဲမှာနွေ" (ခန့်စည်သူ၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-သန့်ဇင်မောင်)**
၁း၄၅	"တိရစ္ဆာန်ဥယျာဉ်နေပြည်တော် သွားလိုက်ကြစို့တူပျော်ပျော်" (အပိုင်း-၂)
၂း၀၀	"ရှင်သန်ခြင်း"
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၅း၀၅	"သစ်ပင်သစ်တောများ"
၅း၂၀	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၂၀	ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၃၇)
၆း၄၀	တစ်မျက်နှာ၊ တစ်ကွက်စာ "ပန်းနုရောင်သေမင်း" (ဇာတ်သိမ်း) (ကောင်းဆက်ထူး၊ သဲနော်ဇာ၊ ဗိုသီရိခေတ်) [ဒါရိုက်တာ-မေတင် (MMG)]
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၃၂)**
၈း၀၀	ပြည်တွင်းသတင်း -လူကုန်ကူးမှုဆိုင်ရာ ပညာပေးအစီအစဉ် -ကာတွန်းအစီအစဉ် "ဒိုင်နိုဆောကမ္ဘာ" (ဒိုင်နိုဆောရဲ့နယ်မြေလုပွဲ) -ရင်ခုန်လက်ကမ်း တေးသစ်လမ်း

❍ **လာမည့်နှစ် မယ်ကမ္ဘာပြိုင်ပွဲမှ**

ယင်းပြိုင်ပွဲသို့ ကမ္ဘာတစ်ဝန်းမှ အနည်းဆုံး အလှမယ် ၁၃၁ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် မယ်ကမ္ဘာပြိုင်ပွဲကို လက်ခံကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူကျေနပ်ကြောင်း၊ ယင်းပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်းနှင့် မယ်ကမ္ဘာပြိုင်ပွဲ လက်ခံကျင်းပခြင်းအားဖြင့် ဘာလီကျွန်း၏ ဂုဏ်သတင်း ကျော်စောခြင်းနှင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်သွားနိုင်မည် ဖြစ်ကြောင်း ပတ်စတီကာက ပြောကြားသည်။

ဧပြီ ၂၅ ရက်က ပြုလုပ်သော ဆွေးနွေးပွဲသို့ အင်ဒိုနီးရှားအလှမယ် ဖောင်ဒေးရှင်းတည်ထောင်သူ လီလာနာ တာနိုအီဆိုဒီအိုင်အိုနှင့် ၂၀၁၁ အင်ဒိုနီးရှား အလှမယ် အက်စတစ်ဒ်အီလန်နာတို့လည်း တက်ရောက်ခဲ့သည်။

အီလန်နာသည် လွန်ခဲ့သည့်နှစ် မယ်ကမ္ဘာပြိုင်ပွဲသို့ အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားပြုအလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နံပါတ် ၁၅ နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မယ်ကမ္ဘာပြိုင်ပွဲသို့ ခြောက်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးရာ ယင်းမှာ အမြင့်ဆုံးအဆင့် အောင်မြင်မှုဖြစ်သည်။ ***အင်တာနက်။***

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၂၉-၄-၂၀၁၂ (တနင်္ဂနွေနေ့)

၅း၄၀	"အလှပြင်တဲ့နေ့" တရားတော် (ဆရာတော်အရှင်နန္ဒက)
၉း၃၅	Sunday Talk (ဒေါက်တာသက်သက်ခိုင်၊ မျိုးမြတ်သူ)
၁၀း၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ရင်ကွဲနာ"
၁း၄၅	ကြည်နူးဦးခိုက်ပူဇော် အထက(၂) သထုံ၏ အာစရိယပွဲတော်
၂း၂၀	စန္ဒာအောင်တံတားကြီး ရေစက်ချမင်္ဂလာနှင့် ရှင်သာမဏေလောင်း (၁၀၈)ပါး ရှင်ပြုနားသ အလှူတော်မင်္ဂလာ
၃း၂၅	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ (Oxford) ဆရာတော်ဘဒ္ဒန္တဒေါက်တာ ဓမ္မသာမိဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနား
၅း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၂၇)**
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၇)**
၇း၄၀	ဗီဒီယိုပြခန်း
၉း၂၅	Barclays Premier League Spurs Vs Blackburn
၁၁း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၂၁)**
၂း၁၀	ဒို့တိုင်းဌာနီဧရာဝတီ (ပုသိမ်၊ မြောင်းမြဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများ)
၄း၂၀	ကြည်ညိုဖွယ်ဗုဒ္ဓဆင်းတုတော် အဆူဆူသီတင်းသုံးတော်မူရာ "ပဒုမ္မာ"

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Chelsea - QPR	(ESPN)
၉း၂၅	Spurs - Blackburn	(ESPN) (MRTV-4)

သံတောင်မြို့နယ်ထွက် လိုင်ချီးသီးများ ဈေးကွက်ဝင်ရောက်

ရေတာရှည် ဧပြီ ၂၈

ကရင်ပြည်နယ် သံတောင်မြို့နယ်အတွင်းရှိ တောင်တန်းဒေသများတွင် စိုက်ပျိုးအောင်မြင်လျက်ရှိသော အရည်ရွှမ်းပြီး အချိုဓာတ်ကဲသည့် လိုင်ချီးသီးများကို ဧပြီ ၂၈ ရက်က တောင်ငူမြို့နယ်နှင့်ရေတာရှည်မြို့နယ် ကားလမ်းဘေး တစ်လျှောက်နှင့် ကားဂိတ်များ၊ လူစည်ကားရာနေရာများတွင် ရောင်းချလျက်ရှိသည်။ စတင်ဝင်ရောက်လာသည့် လိုင်ချီးသီးများသည် ဈေးမြင့်မားသော်လည်း စားသုံးသူများက အဝယ်များ၍ ရောင်းချသူများ အဆင်ပြေလျက်ရှိသည်ကို တွေ့ရသည်။ "တောင်ပေါ်က တစ်ပိဿာနှင့် တစ်ပိဿာ အထက်ရှိ လိုင်ချီးသီးတစ်တွဲကို ကျပ် ၁၈၀၀ ပေးဝယ်ရတယ်၊ ဒီရောက်တော့ ၂၅၀၀ ပြန်ရောင်းမှ တွက်ချေကိုက်တယ်၊ သယ်ယူစရိတ်က ရှိသေးတာကိုး"ဟု လိုင်ချီးသီးရောင်းသည့် ဈေးသည် အမျိုးသမီးတစ်ဦးက ပြောပြသည်။ လိုင်ချီးသီးအတွဲကြီးတစ်တွဲကို ဖက်စိုဖြင့် သုံးထုပ်ခွဲထုပ်၍ တစ်ထုပ်လျှင် ကျပ် ၁၀၀၀ ဖြင့် ရောင်းချသည်။ ပေါ်ဦးပေါ်ဖျား ဖြစ်သောကြောင့် ခရီးဝေးသွား ကုန်တင်ယာဉ်ကြီးများ၊ လက်ဆောင်ပေးလိုသူများ၊ မိသားစုအလိုက် စားသုံးသူများက အများဆုံးဝယ်ယူကြကြောင်း သိရှိရသည်။

သံတောင်မြို့နယ်အတွင်းရှိ တောင်တန်းဒေသများမှထွက်ရှိသည့် လိုင်ချီးသီးများ ဈေးကွက်အတွင်း၌ တွေ့ရစဉ်။

(၅၇၈)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးအကြို အလှူငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအား ကြိုဆိုဂုဏ်ပြုသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က ကျေးဇူးတင် နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်သန်းဝင်း၊ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် ဒေါ်သက်သက်ဆွေ၊ အတွင်းရေးမှူး ဒေါ်သဇင်နွယ်နှင့်တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်တင်တင်ဝင်းတို့က အလှူရှင်များ၏ အလှူငွေများ၊ ဆေးနှင့်ဆေးပစ္စည်းများကိုလက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

အဆိုပါ လှူဒါန်းရရှိသည့် ငွေ၊ ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

❖ **ဂွါဒီယိုလာမှ**

အောင်မြင်မှုများကို စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ လာလီဂါဆုဖလား သုံးကြိမ်၊ ကိုပါဒယ်ရေးဖလား တစ်ကြိမ်၊ UEFA Super Cup နှစ်ကြိမ်နှင့်ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး အသင်းဆု နှစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။

အသက်(၄၁)နှစ်အရွယ်ရှိ ဘာစီလိုနာနည်းပြ ဂွါဒီယိုလာသည် ဘာစီလိုနာအသင်း၌ အထက်ပါအောင်မြင်မှုများကို ထောက်ပြစရာရှိသည်။ ထို့ပြင်အခြားသော အောင်မြင်မှုများကို ရယူနိုင်စွမ်းရှိသေးသည်ဟု ဆိုသည်။ သို့သော် မေ ၂၅ ရက်တွင် ဘီဘာအိုအသင်းနှင့် ယှဉ်ပြိုင်မည့် ကိုပါဒယ်ရေးဖလားလုပွဲပြီးပါက အသင်းမှ ထွက်ခွာမည်ဟုဆိုသည်။

ဂွါဒီယိုလာအသင်းမှ ထွက်ခွာရခြင်း၏ အဖြေမှာ ရိုးရှင်းကြောင်း၊ ဘာစီလိုနာ၌ လေးနှစ်တာ ကိုင်တွယ်ရခြင်းသည် လုံလောက်မှုရှိကြောင်း၊ အသင်းမန်နေဂျာတစ်ဦးအနေဖြင့် ကစားသမားများအား နည်းစနစ်ပိုင်းနှင့် ကြံ့ခိုင်မှုရှိစေရန် ညွှန်ကြားပေးနိုင်ရေးအတွက် လိုအပ်ချက်များ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း ဧပြီ ၂၇ ရက် သတင်းစာရှင်းလင်းပွဲ၌ ဂွါဒီယိုလာက ပြောကြားခဲ့သည်။

ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းနှင့် သက်တမ်းမှာ အဆုံးသတ်တော့မည်ဟု နားလည်ထားကြောင်းနှင့် ရာသီကုန်ပါက အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ဂွါဒီယိုလာက အသင်းဥက္ကဋ္ဌဖြစ်သူအား ဒီဇင်ဘာလအတွင်းက ပြောကြားခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

ကေအိုင်အေအဖွဲ့က နယ်ခြားစောင့် တပ်ရင်းဌာနချုပ်အား ဝင်ရောက်တိုက်ခိုက်

နေပြည်တော် ဧပြီ ၂၈

ကေအိုင်အေ လက်နက်ကိုင်အဖွဲ့ တပ်မဟာ (၁)အင်အား (၂၀၀)ခန့်သည် ဧပြီ ၂၇ ရက်နေ့မှစတင်၍ ဝါရှားပါနယ်မြေမှတစ်ဆင့် မေခမြစ်အားဖြတ်ကူး၍ ချီဖွေဒေသ၌ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အေးရှားဝေါလ်ကုမ္ပဏီပိုင် မော်တော်ယာဉ်များကို အဓမ္မယူဆောင်စီးနင်းလျက် ချီဖွေမြို့နယ် ရှုပုတ်ချောင်းတံတားအားဖြတ်ကျော်ကာ တံတားကို ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ သောင်းကျန်းသူများသည် ယနေ့နံနက်ပိုင်းတွင် လုပီကျေးရွာရှိ နယ်ခြားစောင့်တပ်ရင်းအား မြောက်ဘက်မှဝင်ရောက်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်စီးနင်းခဲ့ရာ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များမှ ရွပ်ရွပ်ချွံချွံခုခံတိုက်ခိုက်နိုင်ခဲ့ကြောင်း၊ တပ်ရင်းဌာနချုပ်တွင် မှီခိုနေထိုင်ကြသော နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ လုံခြုံရေးနှင့် တပ်ဖွဲ့ဝင်များအား လိုအပ်သည့်ကူညီမှုပြုလုပ်နိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၈

ဦးဇော်မြင့်သည် ဧပြီ ၁၉ ရက်က ကစားဖော်များဖြစ်ကြသည့် ဦးအောင်မျိုးထွန်း၊ ဦးထင်ပေါ်၊ ဦးညီညီသိန်းမြင့်၊ ဦးဇော်ဦးတို့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာ၌ ဂေါက်သီးရိုက်ကစားစဉ် Titleist No.4 ဘောလုံးကို Taylormado RAE (PW) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၂၂ ကိုက်အကွာမှ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ကြေးမုံ)

ဝိုင်းမော်မြို့နယ် ဆဒုံးမြို့နယ်ခွဲတွင် KIA လက်နက်ကိုင်အဖွဲ့က ဝင်ရောက်ပစ်ခတ်၊ဝန်ထမ်းလေးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိ

နေပြည်တော် ဧပြီ ၂၈

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ယနေ့ နံနက် ၁ နာရီခွဲခန့်တွင် KIA လက်နက်ကိုင်အဖွဲ့က ဝင်ရောက်စီးနင်းပြီး သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ဝန်ထမ်း(၄)ဦးသေဆုံးပြီး ဝန်ထမ်း(၃)ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နိုင်ငံတော်၏ မေတ္တာစေတနာကိုနားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးတို့ကို ပါဝင်ထမ်းရွက်နိုင်ကြစေရန် စေ့စပ်ညှိနှိုင်းလျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများစုနှင့် ယာယီအပစ်အခတ်ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိဖော်ဆောင်နိုင်ရန် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ တစ်ဖက်နှင့်တစ်ဖက် ငြိမ်းချမ်းရေးအပြန်အလှန်တည်ဆောက်နေချိန်တွင် KIA အဖွဲ့အနေဖြင့် လက်အောက်ခံအဖွဲ့များသို့ အမိန့်ထုတ်ပြန်ချုပ်မှုမရှိခဲ့၍ ဤကဲ့သို့ အကြမ်းဖက်လုပ်ရပ်မျိုးဖြစ်ပွားရကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အလားတူဖြစ်ရပ်မျိုး မဖြစ်ပွားစေရေးအတွက် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သင့်ကြောင်း၊ ဤအကြမ်းဖက်လုပ်ရပ်သည် ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် ယခုလိုအချိန်မျိုးတွင် လိုလားမှုမရှိသော လုပ်ဆောင်ချက်ဖြစ်သည်ဟု ဒေသခံပြည်သူများက ပြောကြားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှုအားပေး

နေပြည်တော် မေ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၂၇ ရက် ညနေ ၄ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အောင်ဇေယျကျေးရွာအနီး တောင်သူပညာပေး ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ၃၅ ဧကရှိ ၁၉ ရက်သား ပျိုးပင်များကို ချက်ချင်းနုတ်၊ ချက်ချင်းစိုက် သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP)နည်းစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကောက်စိုက်လုံမေများနှင့် စိုက်ပျိုးရေးကွင်းဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်ကို ကိုယ်တိုင်နားလည်သိရှိပြီး တောင်သူများအား လက်တွေ့နည်းပညာပေး ဆောင်ရွက်နိုင်ရေးကျွမ်းကျင်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ရန် စိုက်ကွင်းတာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ညနေ ၄ နာရီတွင် သစ်တပ်ကုန်းရွာအနီး ပုလဲသွယ်စပ်မျိုးစပါး အဖိုလိုင်း(R)လိုင်း မျိုးသန့်မျိုးပွားစိုက်ခင်း ငါးဧကရှိ စပါးနှံများ အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးပြီး စိုက်ကွင်းဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

စိုက်ကွင်းများအတွင်း ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် ကောက်စိုက်လုံမေများအား တွေ့ဆုံရာတွင် ပုလဲသွယ်စပ်မျိုးစပါး၏ အထွက်နှုန်းနှင့် ဈေးကွက်ဝင်မှု အနေအထားများအရ တောင်သူလယ်သမားများအတွက် ဝင်ငွေနှစ်ဆ တိုးတက်ရရှိ ခံစားနိုင်မည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ တိကျစွာ လိုက်နာခြင်းအားဖြင့် စပါးအထွက်နှုန်း တင်း ၂၀၀ အထိ တိုးတက်ရရှိနိုင်မည် ဖြစ်ခြင်းကြောင့် တောင်သူလယ်သမား အချင်းချင်း လက်ဆင့်ကမ်းစနစ်ဖြင့် စိုက်နည်းစနစ် ပညာပေးလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ဇေယျာသီရိမြို့နယ် အောင်ဇေယျကျေးရွာအနီး တောင်သူပညာပေး ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ၃၅ ဧကရှိ ကောက်စိုက်လုံမေများနှင့် စိုက်ပျိုးရေးကွင်းဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ အမှိုက်ပုံး ထုတ်လုပ်ရေးစက်ရုံ၌ စွန့်ပစ်အမှိုက်အိတ်၊ အမှိုက်ပုံးနှင့် ပိုက်အရွယ်အစားမျိုးစုံ ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမှိုက်ပုံးနှင့် ပိုက်ထုတ်လုပ်ရေးစက်ရုံ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ဧပြီ ၂၇ ရက် ညနေ ၄ နာရီတွင် အလုံမြို့နယ် သစ်တောရပ်ကွက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မော်တော်ယာဉ်ဌာနခွဲ၌ အရာထမ်းများနှင့် အမှုထမ်းများအား တွေ့ဆုံပြီး အမှိုက်သိမ်းမော်တော်ယာဉ် အသစ်များ ဝယ်ယူဖြည့်တင်းထားရှိမှုနှင့် မော်တော်ယာဉ်ဟောင်းများအား ပြုပြင်ထိန်းသိမ်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မြို့တော်သန့်ရှင်းရေးအတွက် အမှိုက်သိမ်းယာဉ် အစီး ၆၀ ကို ဝယ်ယူဖြည့်တင်းထားပြီး မူလက ၂၃၄ စီးရှိခဲ့ရာ ယခုအခါ အမှိုက်သိမ်းယာဉ် ၂၉၄ စီးရှိကာ စည်ပင်သာယာ နယ်နိမိတ်အတွင်း တစ်ရက်ထွက်ရှိသည့် စွန့်ပစ်အမှိုက်တန်ချိန် ၁၆၀၀ ကို ရှင်းလင်းသိမ်းဆည်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် အဆိုပါရပ်ကွက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန Recycle အမှိုက်ပုံးနှင့် ပိုက်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ပြီး စွန့်ပစ်အမှိုက်အိတ်၊ အမှိုက်ပုံးနှင့် ပိုက်အရွယ်အစားမျိုးစုံ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ထပ် RC ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

မအူပင် မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလောင်ကျေးရွာ ချောင်းဖျားကြီး အမှတ်(၈) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပရာ မအူပင်မြို့နယ်ပညာရေးမှူး၊ အင်းမအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(ယာပုံ)** အုပ်ချုပ်ရေးမှူး၊ အလှူရှင်၊ ပညာရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်တို့က လှူဒါန်းရခြင်းအကြောင်းနှင့် ကျေးဇူးတင်စကား အသီးသီးပြောကြားသည်။

ယင်းနောက် အလှူရှင် ဦးမြမောင်-ဒေါ်ထားထားနွယ် (မင်းမဟာကံထူးရှင်ထီဆိုင်) မိသားစုက ကျောင်းဆောင်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ကျောင်းဆောင်မှာ ပေ ၆၀ × ပေ ၃၀ အကျယ်ရှိ RC တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေမှာ ၁၀၅ သိန်း ငါးသောင်းကျပ် ဖြစ်သည်။

ကျောင်းဆောင်ကြီး ပြီးစီးကောင်းမွန်သွားသည့်အတွက် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများက ဝမ်းမြောက်ဝမ်းသာရှိကြသည်ဟု သိရသည်။ (၆၅၄)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ(ပျဉ်းမနား)၌ လေးလက်မ စက်ရေတွင်း အောင်မြင်စွာတူးဖော်

နေပြည်တော် မေ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (ပျဉ်းမနား)တည်ရှိရာ နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သပြေတောင်၌ လေးလက်မစက်ရေတွင်း တစ်တွင်းကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီဖြစ်သည်။**(အောက်ပုံ)**

အဆိုပါ စက်ရေတွင်း အောင်မြင်စွာ တူးဖော်နိုင်မှုကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွဋ်ဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အင်ဂျင်နီယာချုပ် ဦးမျိုးဝင်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန မြေအောက်ရေဌာနခွဲမှ အင်ဂျင်နီယာများနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (ပျဉ်းမနား) မှ ဝန်ထမ်းများ ကြည့်ရှုအားပေးခဲ့ကြသည်။

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (ပျဉ်းမနား)၌ အောင်မြင်စွာ တူးဖော်ခဲ့သော စက်ရေတွင်းသည် ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၅၀၀၊ တွင်းတူးအနက်ပေ ၆၀၀၊ ရေနေပေ ၁၁၀၊ တွင်းအမျိုးအစား လေးလက်မ ကျောက်စရစ်ရံဖြစ်ပြီး ရေအရည်အသွေးကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။ အဆိုပါစက်ရေတွင်းကို မြေအောက်ရေဌာနခွဲမှ ဝန်ထမ်းများက RG-05 တွင်းတူးစက်ဖြင့် မတ် ၁၅ ရက်တွင် စတင်တူးဖော်ခဲ့ခြင်းဖြစ်သည်။

ယခင်က ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (ပျဉ်းမနား) တည်ရှိရာ သပြေတောင်သည် နွေရာသီ၌ သောက်သုံးရေလုံလောက်မှုမရှိခဲ့ချေ။ ယခုအခါ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ အကူအညီဖြင့် စက်ရေတွင်း အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီဖြစ်၍ ရာသီမရွေး သောက်သုံးရေအလုံအလောက် ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တင်ထွေး (သတင်းစဉ်)

မိုးစပါးစိုက်ပျိုးရာသီ ရေကြီးကွင်း ရေနက်ကွင်းများ၌ ရေလွှမ်းနစ်မြုပ်မှုကြောင့် စပါးစိုက်ပျိုးမှု မထိခိုက်စေရေးဆောင်ရွက်ရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အချို့သောနေရာဒေသများသည် မိုးရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ ရေလွှမ်းနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ပြီး မိုးစပါးစိုက်ခင်းများ နစ်မြုပ်ပျက်စီးမှုများ ဖြစ်ပေါ်တတ်ပါသည်။

၂။ ယင်းသို့ ဖြစ်ပေါ်ကြုံတွေ့လာပါက စပါးစိုက်ပျိုးထုတ်လုပ်မှု ထိခိုက်ခံရခြင်း လျော့နည်းစေရန် အောက်ပါလုပ်ငန်းရပ်များကို ကြိုတင်ဆောင်ရွက်ထားကြရပါမည်။

၃။ ဒေသနှင့် ကိုက်ညီဖြစ်ထွန်းသော သက်တမ်းတိုစပါးမျိုးများကို အရန်မျိုးအဖြစ် ကြိုတင်စုဆောင်းထားရှိရန်။

၄။ ကုန်းမြင့်သောနေရာများတွင် အရန်ပျိုးခင်းများအား ပျိုးထောင်ထားရန်။

၅။ ရေကြီးနစ်မြုပ်ပျက်စီးသော စိုက်ခင်းများကို အရန်ပျိုးခင်းမှ ပျိုးပင်များနှင့် ပျက်စီးမှုမရှိသော စိုက်ပျိုးပြီးစပါးခင်းများမှ ထွက်ရှိလာသည့် ပင်ပွားများမှ ပျိုးပင်ရယူပြီး သားတက်ရယူ၍ သားခွဲစနစ်ဖြင့် ပြန်လည်စိုက်ပျိုးကြရန်။

၆။ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သော စိုက်ခင်းနေရာများတွင် ပိုးမွှားရောဂါများ ကျရောက်မှု အလွယ်တကူ ဖြစ်ပွားတတ်သဖြင့် ပြန်လည်စိုက်ပျိုးပြီးသော စိုက်ခင်းများကို ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်။

၇။ စိုက်ခင်းသစ်များ ကြီးထွားဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်ရေးအတွက် လိုအပ်သော သွင်းအားစု (ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ)များကို အချိန်ကိုက် အချိုးကျ ထည့်သွင်းပေးရန်။

၈။ အခြားလိုအပ်သော အကူအညီများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီ ရယူဆောင်ရွက်ရန်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၉-၂၀၁၀) အလုပ်ရုံဆွေးနွေးပွဲ မြစ်ကြီးနားဌာ ကျင်းပ

နေပြည်တော် မေ ၂၈

ကချင်ပြည်နယ်၏ ဒုတိယအကြိမ် အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း(၂၀၀၉-၂၀၁၀) အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံး IHLCA နည်းပညာယူနစ်မှ ဦးဉာဏ်လင်းက ဆင်းရဲနွမ်းပါးမှုအခြေအနေလေ့လာချက်၊ IHLCA နည်းပညာယူနစ်မှ ဒေါ်မျိုးမျိုးနွယ်က ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်ဆိုင်ရာ သတင်းအချက်အလက်များနှင့် IHLCA နည်းပညာယူနစ်မှ ဦးလှမြင့်က ဆင်းရဲမှုရွေ့လျားပြောင်းလဲခြင်းအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ မေးမြန်းအကြံပြုဆွေးနွေးမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ရောက်ရှိ

ရန်ကုန် မေ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အနုပညာရှင် ၄၁ ဦးပါဝင်သော ကျွမ်းဘားအဖွဲ့သည် ဧပြီ ၂၇ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦး၊ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ဌာနမှူးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါကျွမ်းဘားအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့အကြား ချစ်ကြည်ရေးပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ မေ ၂ ရက်တွင် နေပြည်တော် မြို့တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ လည်းကောင်း၊ မေ ၄ ရက်နှင့် ၅ ရက်တို့တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌လည်းကောင်း အများပြည်သူများအား ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အနုပညာရှင် ၄၁ ဦးပါဝင်သော ကျွမ်းဘားအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကိုသိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့ များ ဆက်လက်၍ အလင်းဝင်ရောက်လျက်ရှိ

နေပြည်တော် မေ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့်ပတ်သက်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်နေသည့်အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မဲခေါင်မြစ်ကြောင်းတစ်လျှောက် သွားလာလျက်ရှိသော သင်္ဘောများအား လုယက်ဓားပြတိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ မူးယစ်ဆေးဝါးလုပ်ငန်းနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော မူးယစ်တရားခံပြေး စိုင်းနော်ခမ်း၏အဖွဲ့သည် အဖွဲ့ငယ်များခွဲထွက်ပြီး ထွက်ပြေးလျက်ရှိရာမှ နိုင်ငံတော်၏ စေတနာကို သိမြင်နားလည်လာကာ ဧပြီ ၂၃ ရက်တွင် အိုက်ထွန်းခေါင်းဆောင်သော အင်အားရှစ်ဦးတို့မှ အလင်းဝင်ရောက်ခဲ့ပြီး ဧပြီ ၂၇ ရက်တွင်လည်း အဆိုပါ မူးယစ်တရားခံပြေး စိုင်းနော်ခမ်းအဖွဲ့မှ လောဆန်ဦးစီးအင်အား ၁၂ ဦးသည် လက်နက်မျိုးစုံ ခြောက်လက်၊ ကျည်မျိုးစုံ ၂၁၀၊ ကျည်အိမ် ရှစ်ခု၊ ဗုံးသီး ၁၀ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံးတို့နှင့်အတူ တာချီလိတ်နယ်မြေရှိ မိမိတပ်မတော်တပ်စခန်းသို့ ဆက်သွယ်၍ အလင်းဝင်ရောက်ခဲ့ကြသည်။

အဆိုပါအဖွဲ့အား ယခင်အလင်းဝင်ရောက်ခဲ့ကြသည့် အဖွဲ့များနည်းတူ နယ်မြေခံတပ်မှ တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုခဲ့ကြပြီး ၎င်းတို့မိသားစုဘဝလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ နေ့အပူချိန် အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် မေ ၂၈

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** မင်းဘူးမြို့တွင် ၄၄ ဒီဂရီ စင်တီဂရိတ်၊ ချောက်မြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျောက်ဆည်မြို့တွင် ၁ ဒသမ ၅၃ လက်မ၊ ပုတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် သုည ဒသမ ၉၈ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်ဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၂၈

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း အစည်းအဝေးခန်းမ၌ အကြိုအခြေခံ မီးသတ် သင်တန်းအမှတ်စဉ်(၂/၂၀၁၂) ဖွင့်ပွဲကို ဧပြီ ၂၇ ရက် ညနေပိုင်းတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ(**အပေါ်ယာပုံ**)က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၀၀ တို့ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ်မီးသတ်ဦးစီး)

သူ့အမြင် သူ့အတွေး

(CCA) ပညာရေးအတွေး

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝမှုသည် အခရာမဟုတ်တော့ပါပြီ။ ထိုထိုသော ရတနာများသည်ပင်လျှင် အခြေအနေတစ်ခုမှာ နိုင်ငံအတွက် အန္တရာယ်ဖြစ်စေနိုင်ကြောင်း သမိုင်းသက်သေရှိခဲ့ပြီးဖြစ်သည်။ ၂၁ ရာစု ပညာခေတ်တွင် နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ၊ နည်းပညာမြင့်မားမှုသည်သာ နိုင်ငံဖွံ့ဖြိုးရေး၏ အဓိကမောင်းနှင်အား ဖြစ်လာခဲ့သည်။ နိုင်ငံတိုင်းပညာရေးကို အဆင့်မြှင့်တင်လာကြသလို အဆင့်မြင့်ပညာပိုင်ဆိုင်ထားသော နိုင်ငံတိုင်းသည်လည်း ဖွံ့ဖြိုးတိုးတက် ရေမြင့်ကြာပမာ ကမ္ဘာ့ရွာတွင် ဝင့်ထည်လာနေကြသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်တိုင်းတွင် ပညာရေးကိစ္စ ရှေ့တန်းတင်လာကြသည်။ပညာရေး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျောင်းအဆောက်အအုံကောင်းမွန်ရေး၊ ဆရာအင်အားပြည့်မီရေး၊ ဦးစားပေး ဖြည့်ဆည်းပေးလာကြသည်။ တစ်ဆက်တည်းတွင် သင်နည်းဟောင်း "ဆရာဗဟိုပြုသင်ကြားရေး" မှသည် "ကလေးဗဟိုပြုသင်ကြားရေး(Child Centre Approve)" နည်းသစ်နှင့် ပြောင်းလဲကျင့်သုံးရေး ဆောင်ရွက်လာကြသည်။

မြန်မာ့ပညာရေးသမိုင်းကိုကြည့်လျှင် ပုဂံခေတ်ပွဲကျောင်းမှသည် နယ်ချဲ့လက်အောက်ရောက်သည်ထိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရိပ်အောက်မှာ ရှင်သန်ဖွံ့ဖြိုးနေခဲ့သည်။ ဘာသာရေးနွယ်သော ပညာရေးမှ "ဆရာဗဟိုပြုသင်ကြားရေး" စနစ်ကို ဖွားသန့်စင်ခဲ့သည်။ ဆရာကို ဘုရားနှင့်တစ်ဂိုဏ်းတည်း ဂါရဝပြုထားခြင်း၊ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်များနှင့် ဝန်းရံထားခြင်းများက ဆရာဗဟိုပြုသင်ကြားရေးကို အားကောင်းစေခဲ့သည်။ ယနေ့ထိတိုင် အားကောင်းနေဆဲလည်းဖြစ်သည်။ ကလေးဗဟိုပြုသင်ကြားခြင်း (Child Centre Approve)စနစ်အတွက် ဦးစွာသတိပြုသင့်သည့်အချက်ဖြစ်ပါသည်။ ယခု ကျောင်းများတွင် စဉ်ဆက်မပြတ် အကဲခတ်၍ အတန်းတင်ပေးသော (CAPS) စနစ် ကျင့်သုံးလျက်ရှိနေသည်။ တစ်နှစ်တာလုံး သင်ကြားလာမှုအပေါ် ရက်ပိုင်းလောက်စစ်ဆေးသော စာမေးပွဲနှင့် အဆုံးအဖြတ်မပြုဘဲ သင်ခန်းစာတစ်ပုဒ်ပြီးတိုင်း အခန်းဆုံးစစ်ဆေးခြင်း၊ လိုအပ်ပါက ပြန်လည်ကုစားပေးခြင်း၊ ကလေး၏မိဘ၊ ဆရာနှင့် ပတ်ဝန်းကျင် နယ်ပယ်သုံးရပ် ဆက်ဆံရေးအပေါ် မှတ်တမ်းတင် အမှတ်ပေးသွားခြင်း၊ တစ်နည်း ကလေး၏ ဉာဏ်ရည် ဉာဏ်သွေး၊ ကိုယ်ရည်ကိုယ်သွေးကို အနီးကပ်စောင့်ကြည့်ကြပ်မတ်ကာ စဉ်ဆက်မပြတ် အကဲခတ်ပြီး အတန်းတင်ပေးသော သာလွန်ကောင်းမွန်ပညာရေးစနစ်ဖြစ်သည်။ သို့သော် ထိရောက်သော အောင်မြင်မှု မရရှိခဲ့ပါ။ ၁၀ တန်းအောင်ချက် ရာခိုင်နှုန်းက အဆုံးအဖြတ်ပေးနေပါသည်။ အဓိကအားနည်းချက်များအနက် ဆရာ၊ ကျောင်းသားအချိုးမညီမျှမှုလည်း တစ်ခုအပါအဝင်ဖြစ်ပါလိမ့်မည်။သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အခြေခံပညာကျောင်းများ၏ ဆရာ၊ ကျောင်းသား အင်အားစာရင်းကိုကြည့်လျှင် အချိုးမျှတရှိနေကြောင်း တွေ့ရသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဆရာ၊ ကျောင်းသားအချိုးကိုကြည့်လျှင် မူလတန်း(၁း၂၈)၊ အလယ်တန်း(၁း၃၄)နှင့် အထက်တန်း(၁း၂၄) ရှိနေသည်။ မူလတန်းကျောင်းသား ၅၁၁၅၈၉၉ ဦးတွင် ဆရာ ၁၈၂၁၉၃ ဦး၊ အလယ်တန်း ၂၂၂၁၀၉၁ ဦးတွင် လယ်ပြဆရာ ၆၄၈၈၆ ဦးနှင့် အထက်တန်း ၆၅၄၃၆၂ ဦးအတွက် ဆရာ ၂၂၄၃၇ ဦး သင်ကြားပေးလျက်ရှိနေသည်။ သို့သော် မြို့ပြ၊ ကျေးလက်နေရာလိုက်၍ ဆရာဖြန့်ဝေမှု၊ ဖြန့်ကြက်မှုမှာ ကွဲပြားနေသည်။ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းရှိနေသာ ကျေးလက်တွင် ဆရာအင်အား လွန်စွာနည်းပါးနေပြီး မြို့ပြရပ်ဝန်းတွင် ကြိတ်ကြိတ်တိုး စည်ကားနေသည်။ မြို့ပြအရပ်တွင်လည်း တစ်နေရာနှင့် တစ်နေရာမတူကြပါ။ ပြီးပြည့်စုံသော နေရာနှင့် လက်လုပ်လက်စားများသော နေရာ၊ နေရာလိုက်၍ ဆရာအင်အား အနည်းအများကွာခြားလွန်းနေပြန်သည်။

ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သည့် ကြည့်မြင်တိုင်မြို့နယ်ကို နမူနာပြရလျှင် လှိုင်မြစ်ကြောင့် အရှေ့ဘက်စည်ပင်ကြည့်မြင်တိုင်နှင့် အနောက်ဘက်တိုးချဲ့ ကြည့်မြင်တိုင်ဟူ၍ နှစ်ပိုင်းရှိနေရာ စည်ပင်ကြည့်မြင်တိုင်တွင် အထက်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်း နှစ်ကျောင်း၊ မူလတန်း ခုနစ်ကျောင်း စုစုပေါင်း ၁၄ ကျောင်းတွင် ကျောင်းသားကျောင်းသူ ၆၀၀၄ ဦးရှိပြီး သင်ကြားရေးဆရာ ၃၁၆ ဦးက သင်ကြားပေးလျက်ရှိသည်။ အနောက်ဘက်တိုးချဲ့ ကြည့်မြင်တိုင်တွင် အထက်တန်းကျောင်းမရှိပါ။ အလယ်တန်းတစ်ကျောင်း (တွဲဖက်အထက်တန်းကျောင်း)နှင့် မူလတန်း ရှစ်ကျောင်း (တွဲဖက်အလယ်တန်း သုံးကျောင်း၊ မူလွန်နှစ်ကျောင်း အပါအဝင်) စုစုပေါင်း ကိုးကျောင်းတွင် ကျောင်းသား ကျောင်းသူ ၅၉၈၅ ဦးအား ဆရာ ၁၂၄ ဦးနှင့် အားစိုက်သင်ကြားပေးနေကြရသည်။ ဆရာ၊ ကျောင်းသားအချိုးကို သိမ်းကျုံးတွက်ကြည့်ပါက စည်ပင်ကြည့်မြင်တိုင် (၁း၁၉) နှင့် သင်ကြားသင်ယူပြုနေကြချိန် အနောက်ဘက်တိုးချဲ့တွင် (၁း၅၀) ဝန်းကျင်နှင့် နပန်းလုံးနေကြရသည်။ ၁၇ နှစ်တိုင် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သည့် အနောက်ဘက်ကမ်းမှ ကျောင်းတစ်ကျောင်းဆိုလျှင် ကျောင်းသား ကျောင်းသူ ၆၉၀ ကို သင်ကြားရေးဆရာမ ၁၀ ဦးနှင့် မနိုင်ဝန်ထမ်းနေကြရရှာသည်။

ကျေးလက်ပညာရေးတွင်လည်း ဆရာနှစ်ဦးရှိ ကျောင်းများ၊ စာသင်ကျောင်းမရှိသေးသော ဇနပုဒ်အရပ်များ ရှိနေဆဲဖြစ်သည်။ ရခိုင်ပြည်နယ်၏ ကျေးလက်ပညာရေးကို နမူနာထားတင်ပြရပါလျှင် လိုအပ်ဆရာ အင်အားကို ဒေသခံ **"စပါးတောင်း ကျောင်းဆရာ"** များနှင့် အားဖြည့်ပေးထားရသည်။ "စပါးတောင်းဆရာ" ဟူသည် ပညာကို စပါးနှင့် တန်ဖိုးဖြတ် ငှားရမ်းထားသော အလုပ်လက်မဲ့ ပညာတစ်ပိုင်းတစ်စနှင့် ဒေသခံ **လူငယ်လေးများ** ဖြစ်ကြသည်။ စပါးနှင့် ပညာဖလှယ်သော "ခေတ်သစ်ပညာရေး ဘာတာစနစ်" ကို ရခိုင်ပြည်နယ်အနှံ့ ယနေ့ထိကျင့်သုံး နေရဆဲဖြစ်ပါသည်။

၎င်းဖြစ်စဉ်တွင် ယောက်ျားဆရာ ရှားပါးလာနေမှုကလည်း အကြောင်းရင်းတစ်စိတ်တစ်ဒေသ ဖြစ်နိုင်ပါသည်။ ဆရာမများသည် အစားအနေဆင်းရဲ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးလက်တွင် မပျော်မွေ့နိုင်ကြပါ။ သတ်မှတ်ကာလတွင် မတတ်သာနေခဲ့ရပြီး အချိန်တန် အိမ်ပြန်ပြေးကြသည်။ ၁၉၉၀ ပြည့်နှစ် ရန်ကုန်မှ ဆရာမများ ရခိုင်ပြည်နယ်အနှံ့အရောက်လာကြသည်။ နှစ်နှစ်အကြာ ၁၉၉၂ ခုနှစ် ဇွန်တွင် အားလုံးနီးပါး ရန်ကုန်ပြန်ရောက်သွားကြသည်။

၂၀၁၀/၂၀၁၁ ပညာသင်နှစ် အခြေခံဆရာ ဆရာမအင်အား စုစုပေါင်း ၂၇၃၅၆၁ ဦးတွင် ဆရာမအင်အား ၂၂၅၅၀၀ ကျော်ရှိနေရာ ရှေးလူကြီးများ ပြောခဲ့သလို "ဥသျှစ်တစ်တင်း နှမ်းတစ်တင်း" ခေတ်ရောက်လာနေပြီလား မပြောတတ်တော့ပါ။

ယခုအခါ ရှားပါးဆရာများအရေး လွှတ်တော်ထိ ဆွေးနွေးလာနေကြရပြီ။ ဝန်ကြီးဌာနမှလည်း ဆရာအင်အား တိုးပွားရေးနည်းစုံသုံး ကြိုးစားလာနေရသည်။ ၎င်းအခြေအနေတွင် လူငယ်ဆရာသစ်များ တိုးပွားလာရေး တစ်ဖက်မှကြိုးစားသလို အခြားတစ်ဖက်တွင်လည်း သက်ပြည့်ပင်စင် ဆရာအိုများအား ဆက်လက် တာဝန်ပေးသွားနိုင်မည်ဆိုပါက "စီးသည့်ရေ ဆည်သည့်ကန်သင်း" တစ်ဖက်တစ်လမ်းမှ ဆရာအင်အားကို "သစ်မရောက်ခင် ဝါးကူ" ထောက်ကူထိန်းထားပေးနိုင်ပါလိမ့်မည်ဟု ယူဆမိပါသည်။ ဆရာဟူသည် ကလေးတွေကြားမှာ ဘဝတစ်ခုလုံးကို မြှုပ်နှံထားရင်းမွေ့ပျော်နေကြသူများဖြစ်ရာ နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် "နှစ်ဖက်လှ" အစီအမံလည်း ဖြစ်လာနိုင်ပါသည်။

ဆရာအိုများစုဝေးရာ ပညာတန်ဆောင်မိသားစုဆိုလျှင်လည်း ပညာရေးဆိုင်ရာ ဖွံ့ဖြိုးမှုလုပ်ငန်းများကို လုပ်ကိုင်ရင်း ဘဝ၏နေညိုချိန်ကို ပညာလမ်းမှာ ဆရာစိတ်နှင့် ရသေ့စိတ်ဖြေ လျှောက်လှမ်းရင်း လောကကို ပညာနှင့်အလှဆင်ပေးနေကြဆဲဖြစ်ပါသည်။ "ရှေ့နေဆိုလျှင်ပျိုမှ၊ သမားဆိုလျှင် အိုမှ" စိတ်ချရသည်ဆိုသော ရှေးစကားအတိုင်း ဆရာအိုများသည် အိုမင်းမစွမ်းသူများ မဟုတ်ကြပါ။ လူအိုသော်လည်း စွမ်းနိုင်သူများဖြစ်ပြီး သင်ကြားမှုနယ်ပယ်၊ စီမံခန့်ခွဲအုပ်ချုပ်မှုနယ်ပယ်များတွင် ကျွမ်းကျင်လိမ္မာ "ပညာပြည့်ဝ နှလုံးလှ" သူများဖြစ်ကြရာ လက်ရှိပညာရေးလိုအပ်ချက်ကို ကြီးစွာ အထောက်အကူပေးနိုင်သေးသူများဖြစ်ကြပါသည်။

ကလေးဗဟိုပြု သင်ကြားရေးတွင် ဖြည့်ဆည်းပေးသင့်သည့်၊ မဖြစ်မနေလုပ်ဆောင်ပေးသင့်သည့် လုပ်ငန်းစဉ်တစ်ခုကို နောက်ဆုံးတင်ပြရလျှင် ကျောင်းတိုင်းတွင် မူလတန်းမှ အစ၊ တက္ကသိုလ်ထိ အမှန်တကယ် ဖွင့်လှစ်ထားသော "ကျောင်းစာကြည့်တိုက်များ" ထူထောင်ပေးရေးဖြစ်ပါသည်။

၁၆-၁-၂၀၁၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော ဗိုလ်တထောင်မြို့နယ် "ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" သည် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအား တပ်လှန့်နှိုးဆော် မီးစိမ်းပြလိုက်ခြင်းဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းများနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်ပေးခြင်းဖြစ်ရာ နိုင်ငံတော်၏ တစ်နိုင်ငံလုံး ကျောင်းစာကြည့်တိုက်များအတွက် ရှေ့ပြေးအစီအစဉ်လည်း ဖြစ်ပါလိမ့်မည်။ အားရဝမ်းသာ သာဓုခေါ်စရာ မင်္ဂလာသတင်းဖြစ်ပါသည်။

နိဂုံးချုပ်ရလျှင် (CCA) နှင့် ပတ်သက်၍ ကျွန်တော်၏ ပညာရေးအမြင်သည် ရေတွင်းထဲမှ ဖားသူငယ်၏ လောကကို ရှုမြင်နိုင်စွမ်းသော အကန့်အသတ်နှင့် အဝိုင်းအဝန်းအမြင်မျိုးသာဖြစ်ပါသည်။ သာမန်အောက်ခြေပညာရေးဝန်ထမ်းဟောင်းတစ်ဦး၏ ဖြတ်သန်းခဲ့ရာ ပညာလမ်းမှ လက်တွေ့၊ မျက်တွေ့များကို အခြေခံသော ကိုယ်ပိုင်အမြင်သာဖြစ်၍ ပြီးပြည့်စုံမည် မဟုတ်ပါ။ "အရှုံးမ ဟင်းခူး" သလို ဟိုတစ်ရွက်၊ သည်တစ်ခက်နှင့် အဆက်အစပ်မရှိဖြစ်နေငြားလည်း စုပေါင်းလိုက်လျှင် အသီးအရွက်စုံ၊ ရသစုံသော "ဟင်းပေါင်း" တစ်ခွက်တော့ ဖြစ်လောက်ပါသည်။ "မိကျောင်းမင်း ရေခင်းပြ၊ ဘုန်ကြီးစာချ" သဘောမသက်ရောက်သော ၎င်းတင်ပြချက်သည် ပြီးပြည့်စုံသည်မရှိသော လူ့သဘာဝအရ "ပညာရှိ သတိဖြစ်ခဲ" ဟာကွက်လေးကို ဖြည့်ဆည်းနိုင်ရေး တစ်ထောင့်တစ်နေရာမှ ကြိုးစားကြည့်ခြင်းသာ ဖြစ်ပါသည်။ ကလေးဗဟိုပြုသင်ကြားရေးမဏ္ဍိုင်တွင် အုပ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ခွင့်ရသည်ဟု ယုံကြည်မျှော်လင့်မိပါသတည်း။ ။

အောင်ကျော်ညို (ဆင်ချဆိပ်)

09.pmd 1 4/29/2012, 2:31 AM

ဖီဖာမှ FIFA 11 For Health Program ကို အာရှနိုင်ငံများတွင် မြန်မာနိုင်ငံအား ပထမဆုံးပေးအပ်

နေပြည်တော် ဧပြီ ၂၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)သည် လူငယ်ဘောလုံးလောကအတွက်များစွာ အကျိုးရှိစေမည့် FIFA 11 For Health Program ကို အာရှနိုင်ငံများအနက် မြန်မာနိုင်ငံအား ရွေးချယ်ပေးအပ်ခဲ့ကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ထံ တရားဝင်စာဖြင့် အတည်ပြုအကြောင်းကြားခဲ့သည်။ ဖီဖာသည် FIFA 11 For Health အစီအစဉ်ကို အာဖရိကမှ ဇင်ဘာဘွေ၊ မောရစ်သျှ၊ တောင်အာဖရိက၊ လက်တင်အမေရိကမှ မက္ကဆီကိုနှင့် ကိုလံဘီယာ စသည့် နိုင်ငံများသို့သာ ပေးအပ်ခဲ့ဖူးပြီး အာရှတိုက်အတွက်မူ မြန်မာနိုင်ငံက ပထမဆုံး ရရှိခြင်း ဖြစ်သည်။

"မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ FIFA 11 For Health ပရိုဂရမ်ကို နိုင်ငံတစ်ဝန်းမှာ အထမြောက် အောင်မြင်စွာ ဆောင်ရွက်သွားဖို့ ဆန္ဒရှိနေတယ်ဆိုတာကို FIFA Chief Medical Officer ပရော်ဖက်ဆာ ဂျီရီဒီဗိုရက်ခ်က တင်ပြခဲ့လို့ သိရှိပြီးဖြစ်ပါတယ်။ မောရစ်သျှ၊ ကင်ညာ၊ ဇင်ဘာဘွေ၊ နမီးဘီးယား၊ မက္ကဆီကို၊ တောင်အာဖရိက၊ ကိုလံဘီယာ၊ ဘော့ဆွာနာ၊ မာလာဝီနိုင်ငံတွေမှာ အောင်မြင်စွာဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံကောင်းတွေနဲ့အတူ ဒီအစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးဖို့ ဖီဖာအနေနဲ့ ရော ပုဂ္ဂိုလ်ရေးခင်မင်လေးစားမှုအရပါ အစွမ်းကုန်အကူအညီပေးသွားမယ်ဆိုတာ အသေအချာ ပြောနိုင်ပါတယ်။ ပရော်ဖက်ဆာ ဒီဗိုရက်ခ်အနေနဲ့လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီး FIFA 11 For Health အစီအစဉ်အတွက် ဆွေးနွေးတိုင်ပင်သွားဖို့ ပြင်ဆင်နေပါတယ်။" စသဖြင့် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌထံ ပေးပို့သော အကြောင်းကြားစာတွင် ထည့်သွင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သည့် ဖီဖာအကူအညီပေးမှုများတွင်လည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံအား အစီအစဉ်အသစ်များ ထပ်မံပေးအပ်ခြင်း ဖြစ်သည်။ အဆိုပါအစီအစဉ်ကို ဖီဖာ၏ Medical and Assessment and Research Centre (F-MARC) မှ စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး လူငယ်ဘောလုံးသမားများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများ၊ HIV/AIDS၊ မူးယစ်ဆေးဝါး၊ အရက်သေစာ သုံးစွဲခြင်းတို့မှ တားဆီးကာကွယ်ပေးမည့် ပညာပေးအစီအစဉ်များ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကာကွယ်မှုနှင့်ဆိုင်သော အစီအစဉ်များ၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် သန့်ရှင်းသည့် သောက်သုံးရေ သုံးစွဲရေး၊ ကျန်းမာစွာနေထိုင်စားသောက်မှုနှင့် မိသားစုဘဝ၊ သန့်ရှင်းမျှတသည့် ဘောလုံးကစားမှု စသည်တို့အား ပရိုဂရမ်များဖြင့် ပညာပေးဆောင်ရွက်လျက်ရှိသည်။ F-MARC အဖွဲ့အစည်းသည် အဆိုပါ FIFA 11 For Health အစီအစဉ်အတွက် ကမ္ဘာ့ကျော် ဘောလုံးသမားများဖြစ်သည့် ဂျာဗီးယား ချီချာရီတို (မန်ယူနှင့် မက္ကဆီကို)၊ လီယွန်နယ်မက်ဆီ (ဘာစီလိုနာနှင့် အာဂျင်တီးနား)၊ ခရစ္စတီယာနို ရော်နယ်ဒို (ရီးရဲယ်လ်မက်ဒရစ်နှင့် ပေါ်တူဂီ) စသည့် ကစားသမားများထံမှ ကျန်းမာရေး ပညာပေးပြောကြားချက်များကို FIFA 11 For Health ပြုလုပ်လျက်ရှိသည့် ဒေသတွင်းမှ ကလေးသူငယ်များနှင့် လူငယ်ဘောလုံးသမားများထံ ပေးပို့ပြီး ယင်းအစီအစဉ်ကျယ်ပြန့်စွာ အောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖီဖာဥက္ကဋ္ဌ ဘလတ္တာ၏ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်ထံ ပေးပို့သော အကြောင်းကြားစာအရ အဆိုပါ F-MARC ကိုယ်စားလှယ်အဖွဲ့သည် FIFA 11 For Health ပရိုဂရမ်အတွက် မေ ၂၈ ရက်တွင် ကျင်းပမည့် (၆၂) ကြိမ်မြောက် ဖီဖာကွန်ဂရက် အစည်းအဝေးအပြီးတွင် MFF တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဇော်မင်းအောင်(၁၀၇)

ဖီဖာ ဥက္ကဋ္ဌ ဆပ်ဘလတ္တာနှင့် ဦးဇော်ဇော်တို့အား မန္တလေးဘောလုံး အကယ်ဒမီဖွင့်ပွဲတွင် တွေ့ရစဉ်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့အလေးမအားကစား အောင်မြင်မှုရရှိစေရေးအတွက် လစဉ် အလေးမစံချိန်စမ်းပြိုင်ပွဲနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အမှုဆောင်ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့အလေးမအားကစား အောင်မြင်မှုရရှိစေရေးအတွက် လစဉ်အလေးမစံချိန်စမ်းပြိုင်ပွဲနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်အမှုဆောင်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့အလေးမ အားကစားအောင်မြင်မှုရရှိစေရေးအတွက် လစဉ်အလေးမစံချိန်စမ်းပြိုင်ပွဲကို ကျင်းပရာ အမျိုးသားအလေးမ အားကစားသမား ၁၄ ဦး၊ အမျိုးသမီးအလေးမ အားကစားသမား ၁၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်အောင်စိုး (အလေးမအားကစားသမားများ ရှာဖွေရေး/လေ့ကျင့်ရေး/ပြိုင်ပွဲအောင်နိုင်ရေး ဆပ်ကော်မတီ)က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာ့အလေးမအားကစား အောင်မြင်မှုရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းနှင့်အဖွဲ့ချုပ် အမှုဆောင်များ၊ နည်းပြများက စံချိန်စမ်းပြိုင်ပွဲများတွင် စိတ်အားထက်သန်စွာဖြင့် အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်သူများ၊ စံချိန်စံညွှန်းကောင်းသည့် စံချိန်ရှင်များကို အထူးဂုဏ်ပြုဆုကြေးများ ပေးအပ်ချီးမြှင့်ရန် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ Pyeongtack မြို့၌ ကျင်းပခဲ့သော အာရှအလေးမတံခွန်စိုက်ပြိုင်ပွဲဖွင့်ပွဲနှင့် ပြိုင်ပွဲကျင်းပစဉ်များကို ပရိုဂျက်တာဖြင့် ပြသကြောင်း သိရသည်။ (ကြေးမုံ)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့အလေးမအားကစား အောင်မြင်မှုရရှိစေရေးအတွက် လစဉ်အလေးမစံချိန်စမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လင်း တက်ရောက်ကြည့်ရှုအားပေးစဉ်။
(အလေးမအဖွဲ့ချုပ်)

ပြည်နယ်နှင့်တိုင်းဒေသကြီး PENCAK SILAT ကလပ်ပေါင်းစုံတံခွန်စိုက် သိုင်းပြိုင်မည်

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၁၂ ခုနှစ် ပထမအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး PENCAK SILAT ကလပ်ပေါင်းစုံ တံခွန်စိုက် သိုင်းပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ မေ ၅ ရက် မှ ၁၀ ရက်ထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများ၊ ဝင်ရောက်ယှဉ်ပြိုင်မည့် စိတ်ပါဝင်စားသူ အားကစားသမားများသည် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် (မ/ဒဂုံ) ဖုန်း-၀၁-၅၈၄၃၅၃၊ ၅၈၀၇၁၂၊ ဖုန်း-၀၉-၄၃၀၉၈၂၁၉ သို့ မေ ၁ ရက်နေ့ထိ နောက်ဆုံးသတင်းပို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ ပြိုင်ပွဲတွင် ဆုကြေးငွေများကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်)

တာမွေမြို့နယ် အမက (၁၈)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ပထမတန်း (ခ)တွင် ပညာရည်ချွန်ပထမဆု ရရှိခဲ့သော မပိုင်စုသူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၆) အနိုင်/အရှုံးရလဒ်များ

၂၈ - ၄ - ၂၀၁၂

အဲဗာတန်	၄	-	၀	ဖူလ်ဟမ်
စတုတ်စီးတီး	၁	-	၁	အာဆင်နယ်
ဆန်းဒါးလန်း	၂	-	၂	ဘော်လ်တန်
ဆွမ်ဆီး	၄	-	၄	ဝုလ်ဗာဟမ်တန်
ဝက်စ်ဘရွန်း	၀	-	၀	ဗီလာ
ဝီဂန်	၄	-	၀	နယူးကာဆယ်
နော့ဝှစ်ချ်	၀	-	၃	လီဗာပူးလ်

ဒိုင်သင်တန်းများ ခေါ်ယူ

ရန်ကုန် ဧပြီ ၂၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အဖွဲ့ချုပ်ဒိုင်လူကြီးများအပြင် ဒိုင်လူကြီးများ ထပ်မံလိုအပ်လျက်ရှိပါသဖြင့် အောင်ဆန်းကွင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တွင် ဒိုင်သင်တန်းများအား မေ ၁၄ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ပါသောကြောင့် သင်တန်းတက်ရောက်လိုသော သင်တန်းသားများသည် အဖွဲ့ချုပ်သို့ မေ ၁၃ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အထက်ပါဒိုင်သင်တန်း အောင်မြင်သူများအား နေပြည်တော်တွင် ဇွန် ၁၁ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည့် ဒိုင်မွမ်းမံသင်တန်းသို့ ဆက်လက်တက်ရောက်ရမည်ဖြစ်သည်။

(မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်သူ့ထံမှ ပေးစာများ

လျှပ်စစ်လွှစက်သံ နားမခံသာ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် (၃)ရပ်ကွက် သုမနလမ်းရှိ ဆောင်းဘောက်ပြုလုပ်သည့်လုပ်ငန်းမှ လျှပ်စစ်ရွှေပေါ်ထိုးခြင်း၊ လျှပ်စစ်လွှစက်ဆွဲခြင်းများကြောင့် နားမခံသာအောင် ဆူညံနေသည့်အပြင် အနီးပတ်ဝန်းကျင်ရှိ အိမ်များသို့ လွှစာမှုန့်များလွင့်ကာ ကျန်းမာရေးထိခိုက်စေပါသဖြင့် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သုမန လမ်းသူ/လမ်းသားများ

ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) (၆၆)ရပ်ကွက် အင်းဝလုံးချင်းအိမ်ရာအနီးနေထိုင်သူအချို့သည် ဝက်များမွေးခြင်း၊ အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းများကြောင့် အနံ့ဆိုးများထွက်ပေါ်၍ ပတ်ဝန်းကျင်ရှိ နေအိမ်များတွင်နေထိုင်သူများ ကျန်းမာရေးထိခိုက်စေပါသည်။ ထို့အပြင် ရန်းရင်းကြမ်းတမ်းစွာ ပြောဆိုနေမှုများကြောင့် ရပ်ကွက်အေးချမ်းသာယာမှုကို ထိခိုက်စေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အေးချမ်းစွာနေလိုသူများ

ရေဆိုးရေပုပ်များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြင်စည်မင်းသားကြီးလမ်းရှိ ရော်ဘာစက်ရုံမှ ရော်ဘာအနံ့ဆိုးများနှင့် ချောင်းထဲစွန့်ပစ်သော ရေဆိုးရေပုပ်များကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိခိုက်စေပါ၍ အနံ့ဆိုးများပျောက်အောင် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းလိုသူများ

ဝက်မွေးမြူ အညစ်အကြေးနံ့မခံနိုင်

စာတည်းခင်ဗျား-

ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် မင်းရပ်တန်းလမ်းတွင် ဝက်မွေးမြူမှုကြောင့် အညစ်အကြေးအနံ့များ မခံနိုင်အောင်နံနေပါ၍ သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများနှင့် အများပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဝက်ချေးနံ့မခံနိုင်သူ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ မောင်ငံကွင်းရပ် နယ်မြေအခွန်လွတ်ဈေးအနီး သုခလမ်း နေအိမ်ဝင်းအတွင်း ကျွဲ၊ နွားသိုလှောင်ထားခြင်း၊ ရပ်ကွက်အတွင်း သတ်ဖြတ်ခြင်းတို့ကြောင့် အညစ်အကြေးအနံ့ဆိုးများကို သက်ကြီးရွယ်အိုများနှင့် ပြည်သူများ နေ့စဉ်နှင့်အမျှ ခံစားနေရသည့်အပြင် ပတ်ဝန်းကျင်ကျန်းမာရေးထိခိုက်နစ်နာမှုများ ရှိပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ကြေးမုံသတင်းစာတိုက် နေပြည်တော်/ရန်ကုန်သို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်မိတ္တူနှင့် ဖြစ်စဉ်မှန်ကန်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးပြီး ပေးပို့နိုင်ပါသည်။

လုပ်ငန်းညှိနှိုင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း B.O.T / လေလံ လမ်း၊ တံတားအသုံးပြုခကောက်ခံခွင့်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

လမ်း၊ တံတား အသုံးပြုခကောက်ခံရာတွင် သတ်မှတ်နှုန်းထားအတိုင်း စနစ်တကျကောက်ခံ လမ်း၊ တံတားများ ရေရှည်ကောင်းမွန်စေရန် တန်ပိုယာဉ်တားဆီးရေး အဓိကဦးစားပေး

နေပြည်တော်　　ဧပြီ　　၂၈

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသောအချက်ဖြစ်ကြောင်း၊ B.O.T/ လေလံကုမ္ပဏီများအနေဖြင့် လမ်း၊ တံတားအသုံးပြုခကောက်ခံရာတွင် သတ်မှတ်နှုန်းထားအတိုင်း စနစ်တကျ ကောက်ခံကြရန်ဖြစ်ကြောင်း၊ လမ်း၊ တံတားများရေရှည်ကောင်းမွန်စေရန်နှင့် ပျက်စီးမှုလျော့နည်းစေရန်အတွက် တန်ပိုယာဉ်တားဆီးရေးလုပ်ငန်းများကို အဓိကဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ တိုးဂိတ်များတွင် ကတ္တားများထားရှိပြီး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ယာဉ်အမျိုးအစားအလိုက် ကောက်ခံခွင့်ပြုထားသော နှုန်းထားဆိုင်းဘုတ်နှင့် ဝင်ရိုးအလိုက် ခွင့်ပြု(ယာဉ်+ကုန်) အလေးချိန်သတ်မှတ်ချက်ဗီနိုင်းဆိုင်းဘုတ်ကိုလည်း မြင်သာထင်သာသည့်နေရာတွင် စိုက်ထူထားရန်ဖြစ်ကြောင်း၊ ဌာနမှ သတ်မှတ်ထားသော လမ်း၊ တံတား အသုံးပြုခနှုန်းထားများကိုလည်း ပြည်သူများ၊ ယာဉ်ပိုင်ရှင်များသိရှိစေရန် နိုင်ငံပိုင်သတင်းစာများ၌လည်း ထည့်သွင်းဖော်ပြပေးထားပြီးဖြစ်ကြောင်းဖြင့် ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း B.O.T / လေလံ လမ်း၊ တံတားအသုံးပြုခကောက်ခံခွင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်လွင်က တိုးဂိတ်များတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအနေဖြင့် စည်းကမ်းလိုက်နာရန်နှင့် ကတ္တားများချိန်တွယ်ရာတွင် ယာဉ်ကြော ပိတ်ဆို့မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် B.O.T/ လေလံ လမ်း၊ တံတားအသုံးပြုခ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လုပ်ငန်းရှင်များနှင့် စာမျက်နှာ ၇ ကော်လံ ၁ သို့

ဂွါဒီယိုလာ ဘာစီလိုနာနှင့် လမ်းခွဲတော့မည်

ဘာစီလိုနာ　　ဧပြီ　　၂၈

စပိန်အင်အားကြီးကလပ် ဘာစီလိုနာအသင်းနည်းပြ ပက်ဂွါဒီယိုလာသည် ယခုနှစ် ဘောလုံးရာသီကုန်တွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ဂွါဒီယိုလာ**(အောက်ပုံ)**က အတိအလင်းပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပြိုင်ပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းအား ရှုံးနိမ့်ခဲ့ပြီး ဘာစီလိုနာ၏ လာလီဂါမျှော်လင့်ချက်ကုန်ဆုံးခဲ့ပြီး ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင်လည်း နည်းပြ ဒီမက်တီယိုကိုင်တွယ်သော ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ဂွါဒီယိုလာက ဘာစီလိုနာအသင်းနှင့် လမ်းခွဲရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဂွါဒီယိုလာသည် ၂၀၀၈ ခုနှစ်က ဘာစီလိုနာအသင်းသို့ ရောက်ရှိလာချိန်မှစ၍ ကြီးမားသော စာမျက်နှာ ၇ ကော်လံ ၃ သို့ ❖

၂၀၁၁ ခုနှစ် မယ်ကမ္ဘာပြိုင်ပွဲ မြင်ကွင်း။

လာမည့်နှစ် မယ်ကမ္ဘာပြိုင်ပွဲ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပမည်

နိုင်ငံတကာအလှမယ်ပြိုင်ပွဲများတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဂုဏ်ဒြပ်ကြီးမားပြီး လူအများစိတ်အဝင်စားဆုံးပြိုင်ပွဲတစ်ခုဖြစ်သည့် မယ်ကမ္ဘာပြိုင်ပွဲကို လာမည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နှစ်သက်သဘောအကျဆုံးနေရာတစ်ခုဖြစ်သည့် ဘာလီကျွန်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဒေသခံသတင်းမီဒီယာများက ရေးသားဖော်ပြသည်။

ဘာလီအုပ်ချုပ်ရေးမှူး ပတ်စတီကာက မယ်ကမ္ဘာပြိုင်ပွဲကျင်းပရေးအဖွဲ့အစည်း ပူးတွဲဥက္ကဋ္ဌ ဂျူလီယာမော်လီနှင့် ၂၀၁၁ မယ်ကမ္ဘာအီဗန်ဆာကော့စ်တို့နှင့် ဧပြီ ၂၅ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် လာမည့်နှစ် မယ်ကမ္ဘာပြိုင်ပွဲကို ဘာလီပြည်နယ် မြို့တော်ဒန်ပဆာ၌ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ယနေ့သတင်းအညွှန်း

မန္တလေး မဟာမုနိဘုရားကြီး ဆိုင်ခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံမည်
ပြည်တွင်းသတင်း စာမျက်နှာ ၆

သံတောင်မြို့နယ်ထွက် လိုင်ချီးသီးများ ဈေးကွက် ဝင်ရောက်
ပြည်တွင်းသတင်း စာမျက်နှာ ၇

ငါးဝင်ရောက်မှု များလာ ငါးဈေးများ ပြန်ကျ
ပြည်တွင်းသတင်း စာမျက်နှာ ၂

လွန်းပြန်ယာဉ် အင်တာပရိုက်စ်၏ ဝေဟင်ခရီးစဉ် အဆုံးသတ်
နိုင်ငံတကာသတင်း စာမျက်နှာ ၄

တရုတ်နိုင်ငံ၏ အာကာသနည်းပညာ အမေရိကန်စစ်ဘက်အတွက် ခြိမ်းခြောက်မှုဖြစ်လာ
နိုင်ငံတကာသတင်း စာမျက်နှာ ၅

သေဒဏ်ချမှတ်ခံထားရသော ခွေးဆိုး ပြစ်ဒဏ်မှ လွတ်မြောက်
နိုင်ငံတကာသတင်း စာမျက်နှာ ၅

လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်

မေလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၃ ရက်မှ ၄ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၉၀ စင်တီမီတာ(၃ ပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇၅ စင်တီမီတာ(၂ ပေခွဲခန့်) လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၉၀ စင်တီမီတာ (၃ ပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်သည်။